စာစောင် ၀၃

မတ်လ 2024

# ARAKAN

## အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (ARNO)



- ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု၊ တရားမျှတမှုနှင့် အသိအမှတ်ပြုမှုအတွက် နှိုးဆော်ချက်
- တကျော့ပြန် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု
- ရခိုင်ကို ပြိုကွဲစေခြင်းဖြင့် သိမ်းပိုက်ရန် ကြံသည့် မြန်မာစစ်တပ်၏ အစီအစဉ်များ

# In this Issue


အယ်ဒီတာ့အာဘော်:  ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု၊ တရားမျှတမှုနှင့်အသိအမှတ်ပြုမှု အတွက် နိုးဆော်ချက် 02

ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု 04

ရခိုင်ကို ပြိုကွဲစေခြင်းဖြင့် သိမ်းပိုက်ရန် ကြံသည့် မြန်မာစစ်တပ်၏ အစီအစဉ်များ 08

၂၀၁၇ခုနှစ်တွင် စစ်သားများမှ ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်ဘက်သို့ နှင်ထုတ်ခဲ့သည့် လမ်းကြောင်းမှာပင် စစ်သားများ ထွက်ပြေးကြရ 12

ဘူးသီးတောင်တွင် လူတရာကျော် ပြန်ပေးဆွဲခံရ၊ ကျောက်ဖြူစစ်ဘေးရှောင်စခန်းတွင်လည်း ထိုသို့ဖြစ်လာနိုင်ဖွယ် ကြောက်လန့်နေရ 13

အမြဲတမ်းဒုက္ခသည်ဘဝများမှ ကင်းလွတ်နိုင်စေရန်အတွက် ရိုဟင်ဂျာများမှာ မိမိတို့၏ မျက်လုံးများ၊ နားများနှင့် အသိတရားတို့ရှိဖို့လိုပါသည်။ 13

သတင်းစာရှင်းလင်းခြင်းNSU မှ “မြန်မာပြည်၏ လက်ရှိအကြပ်အတည်းနှင့် အိမ်နီးချင်းဒေသများအပေါ် သက်ရောက်မှု” ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ ညီလာခံကို ကျင်းပ 14

*ARNA* သတင်းထုတ်ပြန်ချက် စည်းလုံးခြင်းဖြင့် ရပ်တည်ကြ၊ ပြိုကွဲပါက ကျရှုံးရ 15

*ARNO* သတင်းထုတ်ပြန်ချက်များ မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော် *AA*တို့အကြားတိုက်ပွဲများဖြစ်ပွားရာ အာရကန် ပြည်နယ်ရှိ အကြမ်းဖက်မှုများကို *ARNO* ရှုံ့ချ 17




# အယ်ဒီတာ့အာဘော်

**ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု၊ တရားမျှတမှုနှင့် အသိအမှတ်ပြုမှုအတွက် နိုးဆော်ချက်**

ဘားမားဟုယခင်ကသိခဲ့ကြသည့် မြန်မာနိုင်ငံရှိ လူနည်းစု ရိုဟင်ဂျာမွတ်စလင်များ၏ ဒုက္ခသည် စနစ်တကျ အကြမ်းဖက်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပါဝင်သည့် အလွန်စိုးရိမ်ဖွယ်ရာဖြစ်စေသော အကြပ်အတည်းဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ မြန်မာပြည်အနောက်ပိုင်း ရခိုင်ပြည်နယ်တွင် အများဆုံးနေထိုင်ကြသည့် ရိုဟင်ဂျာ လူမျိုးများသည် ခွဲခြားဖိနှိပ်မှုများနှင့် အကြမ်းဖက်မှုများကို မရပ်မနားခံစားကြရကာ ၎င်းတို့၏ ဇာတိဒေသများထံမှ စွန့်ခွါကာ အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ရကြပါသည်။

ဒေသတွင်းရှိ ပြည်သူစစ်များ၏အထောက်အကူကိုယူကာ မြန်မာစစ်တပ်မှ လူမျိုးတုံးသုတ်သင် ရှင်းလင်းမှုကို စတင်ခဲ့ကြသည့် ၂၀၁၇ခုနှစ်တွင် ထိုအခြေအနေသည် ပိုမို ဆိုးရွာခဲ့ပါသည်။ ထိုသို့ရက်စက်ကြမ်းကြုတ်သည့် ရှင်းလင်းမှုတွင် မြောက်မြားစွာသော ရိုဟင်ဂျာများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ လိင်အကြမ်းဖက်မှုနှင့် အတင်းအဓမ္မနေရပ်စွန့်ခွာခိုင်းစေမှုတို့ကြောင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခိုလှုံခဲ့ကြရခြင်းများ ပါဝင်သည်။ ကုလသမဂ္ဂနှင့် များစွာသော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ထိုသို့လုပ်ဆောင်ချက်များအား လူမျိုးတုံးသုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုများအဖြစ် ကန့်ကွက်ရှုတ်ချခဲ့ကြကာ အကြပ်အတည်း၏ ဆိုးရွာမှုအတိုင်းအတာကို မီးမောင်းထိုးပြခဲ့ကြသည်။
ထိုသို့နိုင်ငံတကာမှ အပြင်းအထန်ကန့်ကွက်ရှုတ်ချခဲ့သော်လည်း မြန်မာအစိုးရမှာမူ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်များအား ငြင်းဆန်ခဲ့ကာ ၎င်း၏ စစ်ဆင်ရေးလုပ်ငန်းများအား အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများအဖြစ် ပြောဆိုခဲ့ကြသည်။ သို့သော်လည်း ထိုရပ်တည်မှုသည် ကမ္ဘာတဝှမ်းမှ ကန့်ကွက်ရှုတ်ချမှုများကိုသော်လည်းကောင်း ထိုပြစ်မှုများ၏ ကျူးလွန်ခံရသူများအတွက် တာဝန်ယူမှုနှင့် တရားမျှတမှုတို့အတွက် အရေးတကြီး တောင်းဆိုမှုများအားလည်းကောင်း မေးမှိန်စေခဲ့ခြင်းမရှိပေ။ တုံ့ပြန်သည့်အနေဖြင့် နိုင်ငံတကာ တရားရုံး အိုင်စီဂျေ နှင့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံး အိုင်စီစီတို့မှ လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ စွပ်စွဲချက်များနှင့် အခြားသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများကို စစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ စတင်ခဲ့ကြသည်။

ရိုဟင်ဂျာအကြပ်အတည်းသည် သမိုင်းကြောင်းတွင်တည်ရှိခဲ့သည့် မလိုမုန်းတီးမှုများနှင့် စနစ်တကျ ခွဲခြားဆက်ဆံမှုများတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေကာ ထိုပဋိပက္ခများ၏ အကြောင်းရင်းများအား ဖြေရှင်းနိုင်မည့် ဆုံးဖြတ်ချက်ကို ရရှိစေရန်အတွက် အဘက်ဘက်မှ ထည့်သွင်းစဉ်းစားထားသည့် ချဉ်းကပ်ပုံနည်းလမ်းတရပ် လိုအပ်နေကြောင်းကို သိသာစေပါသည်။ ထိုချဉ်းကပ်ပုံနည်းလမ်းတွင် နှစ်ပေါင်းကြာမြင့်စွာ နိုင်ငံသားအဖြစ် သတ်မှတ်မှုမရှိခြင်းအား ပြုပြင်ခြင်း၊ မြန်မာပြည်တွင် ရိုဟင်ဂျာများ၏ လူမျိုးစုဆိုင်ရာ ဖြစ်တည်မှုကို အသိအမှတ်ပြုခြင်းတို့ ပါဝင်သည်။ နိုင်ငံတကာလူ့အဖွဲ့အစည်းသည် လူသားချင်းစာနာမှုအထောက်အပံ့များပေးခြင်းနှင့် ရက်စက်ကြမ်းကြုတ်မှုများအား ကျူးလွန်သူများ အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် နိုးဆော်ခြင်းတို့လုပ်ခြင်းအားဖြင့် နေရပ်စွန့်ခွာခဲ့ရသည့် ရိုဟင်ဂျာလူမျိုးများအား ပံ့ပိုးရာတွင် ၎င်းတို့၏ ကတိကဝတ်ကို မြဲမြံစွာ စောင့်ထိန်းလျက်ရှိပါသည်။

ဤသို့ အရေးကြီးသည့် အချိန်တွင် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် မြန်မာနိုင်ငံ၏ မတူကွဲပြားသည့် လူမျိုးစုများအကြား ရိုဟင်ဂျာလူမျိုးစုအား အသိအမှတ်ပြုခြင်းဖြင့် ၎င်း၏ လူ့အခွင့်အရေးနှင့် ညီမျှမှုတို့အတွက် ကတိကဝတ်စောင့်ထိန်းမှုကို အခိုင်အမာဖြစ်စေမည့် တမူထူးခြားသည့် အခွင့်အရေးတရပ်ရှိလာပါသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် အမျိုးသားညီညွတ်ရေးအစိုးရမှ ထုတ်ပြန်ထားသည့် စံတန်ဖိုးများနှင့် ကိုက်ညီမှုရှိစေမည့်အပြင် မြန်မာ့သမိုင်းကြောင်းတွင် စာမျက်နှာသစ်တရပ် ပေါ်ထွန်းလာစေမည်လည်း ဖြစ်သည်။ ရိုဟင်ဂျာအသိုင်းအဝိုင်းသည် ရခိုင်ဒေသတွင် နေထိုင်ကြသူများအားလုံးအတွက် ငြိမ်းချမ်းမှုနှင့် စီးပွားရေးဖြစ်ထွန်းမှုတို့ ပေါင်းစုံသည့် အနာဂတ်အား မျှော်မှန်းကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုနှင့် အပြန်အလှန်လေးစားမှုတို့အတွက် စဉ်ဆက်မပြတ် အားပေးနိုးဆော်လျက်ရှိပါသည်။

ဤအယ်ဒီတာ့အာဘော်သည် နိုင်ငံအသီးသီး၏ အာဏာပိုင်များနှင့် နိုင်ငံတကာလူ့အဖွဲ့အစည်းတို့မှ ဤအကြပ်အတည်းအား ကိုင်တွယ်ဖြေရှင်းရာတွင် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများအား နှစ်ဆမြင့်တင်စေကာ ရိုဟင်ဂျာများအနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင်လွတ်မြောက်ခဲ့ကြသူများအဖြစ်ပင်မဟုတ်ပဲ တရားမျှတမှု၊ ဂုဏ်သိက္ခာနှင့် နေရပ်သို့ပြန်နိုင်သည့်အခွင့်အရေးများ ရရှိခံစားနိုင်သည့် နိုင်ငံတကာလူ့အဖွဲ့အစည်း၏ အသိအမှတ်ပြုခြင်းခံရသော အဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ပတ်ဝန်းကျင် တစ်ရပ်ဖန်တီးနိုင်ရန် ရည်ရွယ်ပါသည်။



# ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု

Nurul Islam
အာရကန်ရိုဟင်ဂျာအမျိုးသားမဟာမိတ်အဖွဲ့ (ARNA) နှင့် အာရကန် ရိုဟင်ဂျာ အမျိုးသားအဖွဲ့ချုပ် (ARNO) ၏ ဥက္ကဌ

ကုလသမဂ္ဂမှ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ကွန်ဗင်းရှင်းအား ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့်နှစ်မှစ၍ နှစ်ပေါင်း ၇၆နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကွန်ဗင်းရှင်း၏ အဓိကကျသည့် တခုတည်းသော အချက်မှာ အင်္ဂလိပ်ဘာသာစကားဖြင့် စကားလုံးနှစ်လုံးဖြစ်သည့် never again နောင်ဘယ်တော့မှမဖြစ်စေရ ဟူ၍ ဒုတိယကမ္ဘာစစ်တွင် ကျူးလွန်ခဲ့ကြသည့် ရက်စက်ကြမ်းကြုတ်မှုများကို လူအများမှာ တုံ့ပြန်ခဲ့ကြပုံကို ဖော်ပြသည့် စကားရပ်ဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကာကွယ်ရန်နှင့် ရပ်တန့်စေရန် အရင်းအမြစ်များ ရင်းနှီးရန် ပျက်ကွက်နေခြင်းကြောင့် ထိုသို့ လူမျိုးတုံးသတ်ဖြတ်မှုသည် အဖန်ဖန်အခါခါ ပြန်လည်ဖြစ်ပေါ်နေတော့သည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ သဘောတူညီချက် ၉၆(၁)ကို တညီတညွတ်တည်း ချမှတ်ခဲ့ကြသည်။ သဘောတူညီချက် ၉၆ (၁) ဆိုသည်မှာ လူမျိုးတုံးသတ်ဖြတ်မှုအား "နိုင်ငံတကာဥပဒေအောက်ရှိ ပြစ်မှုတစ်ရပ်" အဖြစ်သတ်မှတ်ကာ အဖွဲ့ဝင်နိုင်ငံများကိုလည်း ထိုပြစ်မှုကျူးလွန်ခြင်းမှ ကာကွယ်ရန်နှင့် ကျူးလွန်သူများအား အပြစ်ပေးရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းစေပြီး ထိုသို့ ကာကွယ်ခြင်းနှင့် အပြစ်ပေးခြင်းလုပ်ငန်းများတွင် အလျင်အမြန် ပူးပေါင်းဆောင်ရွက်စေရန် တောင်းဆိုခဲ့သည်။

1948ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ပြစ်မှုများကို ကာကွယ်ခြင်းနှင့် အပြစ်ပေးခြင်း ကွန်ဗင်းရှင်း၏ အပုဒ် ၂တွင် လူမျိုးတုံးသတ်ဖြတ်မှုအား အမျိုးသား၊ လူမျိုးစု၊ လူမျိုး သို့ ဘာသာရေးအုပ်စု တစုစု၏ အားလုံးကိုလည်းကောင်း တစိတ်တပိုင်းကိုသော်လည်းကောင်း ဖျက်စီးခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထိုလုပ်ဆောင်ချက်များတွင် သတ်ဖြတ်ခြင်း၊ အပြင်းအထန်နာကျင်စေခြင်း သို့မဟုတ် ထိုအုပ်စုများတွင် ပါဝင်သူများအား စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်စေခြင်း၊ ဆိုးရွားသည့် နေထိုင်မှုအခြေအနေများဖြစ်စေကာ ရုပ်ပိုင်းဆိုင်ရာဖြစ်တည်မှုကို ပျက်စီးစေခြင်း၊ ထိုအုပ်စုများမှ ပါဝင်သူများအား ကလေးများရယူခြင်းမှ ရည်ရွယ်ချက်ရှိရှိ ဟန့်တားသည့် လုပ်ငန်းများနှင့် ထိုအုပ်စုမှကလေးများအား အခြားအုပ်စု သို့ အတင်းအဓမ္မ ပြောင်းလွှဲခြင်းတို့ ပါဝင်သည်။

ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုသည် မြန်မာစစ်တပ်၊ ၎င်း၏ မဟာမိတ်များနှင့် ပူးပေါင်းကြံစည်သူများမှ လူမျိုးစု၊ ဘာသာရေးတို့ အကြောင်းပြု၍ ရိုဟင်ဂျာလူမျိုးစုအသိုင်းအဝိုင်းအား ပျက်စီးစေလိုသည့် ရည်ရွယ်ချက်ဖြင့် ရိုဟင်ဂျာလူမျိုးများအပေါ် ဆက်လက်ကျူးလွန်လျက်ရှိသည့် ညှင်းပန်းနှိပ်စက်မှုများ၊ သတ်ဖြတ်မှု ဖြစ်စဉ်များဖြစ်သည်။ ယနေ့အချိန်အထိ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ကွန်ဗင်းရှင်းတွေ ပြဋ္ဌာန်းထားသည့် လုပ်ဆောင်ချက်များ အားလုံးကို ကျူးလွန်နေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအား ပျက်စီးဆုတ်ယုတ်စေခြင်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာက အာဏာရှင်ဦးနေဝင်း အာဏာသိမ်းခဲ့သည့် ၁၉၆၂ခုနှစ်ကပင် စတင်ခဲ့ပါသည်။ ဦးနေဝင်းသည် ဗုဒ္ဓဘာသာဝင်မဟုတ်သူများနှင့် မွတ်စလင်များအား ကြီးစွာသံသယထားရှိခဲ့ကာ ရိုဟင်ဂျာမွတ်စလင်တို့သည် ထိုသူ၏ အဓိက ပစ်မှတ်များ ဖြစ်လာခဲ့ပါသည်။ နေဝင်းနှင့် နီးစပ်သည့် ခရိုနီများသည် ရိုဟင်ဂျာများအား ပစ်မှတ်ထား၍ အပျက်အစီးဖြစ်စေရန်အတွက် လက်နက်ကိုင်စစ်ဆင်ရေးများ စီစဉ်ခဲ့ကြသည်မှာ ယနေ့ထိတိုင်ပင်ဖြစ်ပါသည်။

ထိုနိုင်ငံ၏ လူသိများကျော်ကြားသော ဆောင်ပုဒ်တခုမှာ “မြန်မာပြည်သားဖြစ်ခြင်းသည် ဗုဒ္ဓဘာသာဝင်များဖြစ်ခြင်းဖြစ်သည်” ဟူသည့် ဆောင်ပုဒ်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုး အစွန်းရောက်အမျိုးသားရေးဝါဒီများသည် “ ရခိုင်သည် ရခိုင်များအတွက်သာဖြစ်ရမည်။ ဘင်္ဂါလီနှင့် ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်နှင့် လားလားမှမဆိုင်” ဟူသည့် အသံကို ကြွေးကြော်ခဲ့ကြသည်။ စစ်အာကာရှင်အစိုးရများသည် ထိုလူ့အသိုင်းအဝိုင်းနှစ်ခုအား ထိပ်တိုက်ဖြစ်စေကာ ထိုအသိုင်းအဝိုင်းနှစ်ခုအကြား လူမျိုးရေး၊ ဘာသာရေးကွာခြားမှုများပေါ် မူတည်၍ ပိုင်းခြားထားခဲ့သည်။ ရခိုင်လူမှုအသိုင်းအဝိုင်းများသည် စစ်အာဏာရှင်၏ “ရိုဟင်ဂျာများ ချေမှုန်းခြင်း” အစီအစဉ်တွင် အဓိကကျသည့်နေရာများမှ ပါဝင်ခဲ့ကြသည်။ ထိုသို့ပါဝင်ခဲ့ကြသူများအနက် ရခိုင်ခေါင်းဆောင်များနှင့် ပညာရှင်များဖြစ်သည့် ဒေါက်တာ အေးမောင်၊ ဒေါက်တာ အေးကျော်၊ အရှင် နာယက၊ ဦးခင်မောင်စော၊ ဒေါက်တာ အေးချမ်းနှင့် ဦးရွှေဇံတို့လည်း ပါဝင်သည်။

၁၉၇၉ ခုနှစ်တွင် ဘိုးဘွားစဉ်ဆက် ဗမာ-တရုတ် သွေးနှောဖြစ်သည့် ဦးနေဝင်းမှ ဤသို့ ဆိုခဲ့သည်။
“ ယနေ့ခေတ်မှာ သွေးရင်းဖြစ်သည့် သူများသည်ပင် လူမျိုးနှင့်နိုင်ငံကို သစ္စာမထားပဲ အခြားသူများကို သစ္စာခံလာကြသည်။ သွေးမနှောသည့်ထိုသူများပင် ဤသို့ပြုမူလာကြရာ ကျွန်တော်တို့အနေဖြင့် သွေးနှောသည့်သူများကို အထူးသတိထားကြရမည်။ အချို့လူများသည် သွေးမနှောသည့် သွေးရင်းများ၊ ဘိုးစဉ်ဘောင်ဆက်ကပင် မြန်မာစစ်စစ်ဖြစ်ကာ အမှန်စင်စစ် နိုင်ငံသားများ၏သွေးသားများဖြစ်ကြပါသည်။ ကရင်၊ ကချင်နှင့် အခြားလူမျိုးများသည် စင်စစ်သွေးရင်းများဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့အနေဖြင့် ထိုလူများသည် ကျွန်တော်တို့လူမျိုး၊ မြန်မာလူမျိုးဖြစ်၊မဖြစ် ထည့်သွင်းစဉ်းစားကြရပါမယ်”

၁၉၈၂ ခုနှစ်တွင် နေဝင်းမှ “ဘားမားနိုင်ငံသားဥပဒေ”ကို ပြဌာန်းကာ နိုင်ငံသားဖြစ်မှုကို ပြန်လည်ဖွင့်ဆိုခဲ့ပြီး ရိုဟင်ဂျာများသည် နိုင်ငံသားများမဟုတ်ကြောင်းလည်း ကြေညာခဲ့သည်။ “အချို့သော လေ့လာစောင့်ကြည့်သူများမှ ထိုဥပဒေသည် ရိုဟင်ဂျာများ နိုင်ငံသားမဖြစ်စေရန် ထိထိရောက်ရောက်စီစဉ်ခဲ့သည့် ဥပဒေဖြစ်သည်ဟု ဆိုခဲ့သည်။ ၁၉၈၂ ဥပဒေသည် နိုင်ငံတကာ ဥပဒေအဆင့်အတန်းများ၏ အခြေခံဖြစ်သည့် သဘောတရားများအား ချိုးဖောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအား ဖောက်ဖျက်ခြင်းနှင့် ရိုဟင်ဂျာများအား ဥပဒေအရ အကာအကွယ်မဲ့စေခြင်းတို့ ဖြစ်စေခဲ့သည်။ ထိုဥပဒေသည် ရိုဟင်ဂျာများအား ၎င်းတို့နေထိုင်သည့် နိုင်ငံတွင်းတွင်ပင် နိုင်ငံမဲ့များဖြစ်စေကာ ရိုဟင်ဂျာတို့အား ဖိနှိပ်သည့် ဥပဒေရေးရာ ကိရိယာတခုဖြစ်လာခဲ့သည်။

စစ်တပ်၊ အစွန်းရောက်ဗုဒ္ဓဘာသာဝင်များနှင့် နိုင်ငံရေးသမားများ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ စာနယ်ဇင်းဆရာများနှင့် ဘုန်းကြီးများပါဝင်သည့် ရခိုင်အစွန်းရောက်ဝါဒီများသည် ရိုဟင်ဂျာလူမျိုးများ တည်ရှိခြင်းကို ငြင်းဆန်ခဲ့ကြပါသည်။ ၁၉၆၀ ပြည့်နှစ် ဦးနု၏ ပါလီမန်အစိုးရမှ ရိုဟင်ဂျာများအား လူမျိုး ၅၀ စာရင်းပြုစုရာတွင်အသိအမှတ်ပြုကာ ထည့်သွင်းထားခြင်း၊ ဦးနေဝင်းမှာလည်း လူမျိုး ၁၄၄မျိုး စာရင်းတွင် ထည့်သွင်းထားခြင်းတို့ ရှိခဲ့သော်လည်း၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် စစ်တပ်၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)သည် ၎င်းတို့ပြုစုထားသည့် မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားများဖြစ်ကြသည်ဟုဆိုထားသည့် လူမျိုး ၁၃၅မျိုးစာရင်းတွင် ရိုဟင်ဂျာများအား ထည့်သွင်းထားခဲ့ခြင်းမရှိပါ။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများနှင့်ပတ်သတ်သည့် သတင်းမှားများ၊ သတင်းတုများနှင့် အမုန်းစကားများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လျက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအား ဘင်္ဂလီဒုက္ခသည်များဟု စွပ်စွဲကာ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်သို့ နှင်ထုတ်ခြင်းသည် သင့်တော်သော၊ လိုအပ်သော လုပ်ဆောင်ချက်ဖြစ်သည်ဟုခံယူထားရာ ဘင်္ဂလီမုန်းတီးရေး၊ မွတ်စလင်မုန်းတီးရေးဆိုင်ရာ အမုန်းတရားအခြေပြုသည့် ပြစ်မှုများသည် တောမီးသဖွယ် ပျံ့နှံ့နေပါသည်။ ရိုဟင်ဂျာများအား ပစ်မှတ်ထား၍ စစ်ဆင်ရေးများ မကြာခဏ ဆောင်ရွက်လာကြရာ ထိုစစ်ဆင်ရေးများတွင် အကြမ်းဖက်ခြင်းများ၊ ညှင်းပန်းနှိပ်စက်ခြင်းများ၊ ပြစ်မှုမြောက် ရက်စက်ကြမ်းကြုတ်ခြင်းများ၊ ဖမ်းဆီးထောင်ချခြင်းများ၊ ဖျက်စီးခြင်းများနှင့် တိုင်းပြည်မှ နှင်ထုတ်ခြင်းများ ပါဝင်သည်။

၂၀၁၂ ခုနှစ်တွင် အစိုးရမှ ကျောထောက်နောက်ခံပြုထားသည့် ဗုဒ္ဓဘာသာအုပ်စုများသည် ရာပေါင်းများစွာသော ရိုဟင်ဂျာများအား တိုက်ခိုက်သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြပြီး အကျိုးဆက်အနေဖြင့် ရိုဟင်ဂျာပေါင်း ၁၄၀၀၀၀ ဦးသည်စစ်တွေနှင့် တောင်ပိုင်းရှိမြို့များတွင်ရှိသည့် ပြည်တွင်းနေရပ်စွန့်ခွာစခန်းများတွင် လုံလောက်သည့်အစားအသောက်၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘဝလိုအပ်ချက်များမရှိပဲ လူတဦး၏ရသင့်သည့်အခြေအနေများ မရရှိမခံစားရသည့် အခြေအနေရပ်များရင်ဆိုင်၍ နေထိုင်ကြရသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၃ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒါးရတ်ခ် မစ်ချဲ မှ “မြန်မာနိုင်ငံမှာ ရိုဟင်ဂျာများသည် လူတိုင်း၏ ဖိနှိပ်ခြင်းကို ခံကြရသည်”ဟုဆိုခဲ့သည်။

၂၀၁၃-၂၀၁၅ နှစ်များတွင် ရိုဟင်ဂျာများအား အကြမ်းဖက်သည့် ဖြစ်ရပ်များ ဖြစ်ခဲ့သည်။ ၂၀၁၅ခုနှစ်တွင် ယေးတက္ကသိုလ်ဥပဒေကျောင်းရှိ အဲလတ် ကေ လိုဝမ်စတိန်း နိုင်ငံတကာ လူ့အခွင့်အရေးဌာနမှ “ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်ခြင်းရှိသည်ဟု ခိုင်မာသည့် သက်သေအထောက်အထား” ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထိုလေ့လာမှုတွင် မြန်မာအစိုးရသည် အစွန်းရောက် ဗုဒ္ဓဘာသာဘုန်းကြီးများ၏ အကူအညီဖြင့် ရိုဟင်ဂျာများအား လူမျိုးသုတ်သင်ရှင်းလင်းခြင်းများနှင့် လူမျိုးတုံးသတ်ဖြတ်ခြင်းများ ရှိသည်ဟု တွေ့ရှိခဲ့ကြပါသည်။ ၂၀၁၆ နိုဝင်ဘာနှောင်းပိုင်းတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ Human Rights Watch မှ ရခိုင်ပြည်နယ်အနောက်ပိုင်း ကျောက်ဖြူမြို့ရှိ ရွာ၅ရွာတွင် ရိုဟင်ဂျာများ၏ အိမ်ခြေစုစုပေါင်း ၁၂၅၀ အိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့နေခြင်းကို ပြထားသည့် ဂြိုလ်ထုပုံရိပ်များကို ထုတ်ပြန်ခဲ့ကြသည်။ ရိုဟင်ဂျာအများအပြား ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသည်။။ ဖမ်းဆီးခံရသူများအနက် ပျမ်းမျှအသက်မှာ ၃၄နှစ်ဖြစ်ကာ အငယ်ဆုံးဖမ်းဆီးခံရသူသည် အသက် ၁၀ နှစ်ဖြစ်ပြီး အသက်အကြီးဆုံးမှာ အသက် ၇၅ နှစ်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ကမ္ဘာတဝှမ်းမှလူများသည် အပြစ်မရှိသည့် ထောင်သောင်းချီသော ရိုဟင်ဂျာ ယောကျာ်း၊ မိန်းမ၊ နှင့်ကလေးများရခိုင်ပြည်နယ်ရှိ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများမှ ထွက်ပြေးနေကြသည့် ပုံများကို ကြည့်ကာ တုန်လှုပ်ခြောက်ခြားခဲ့ကြပါသည်။ ရွာပေါင်းရာချီ၍ မီးရှို့ခဲ့ခြင်း၊ ထောင်ချီသော အိမ်များ မီးလောင်ပြာကျခဲ့ခြင်း၊ အမျိုးသမီးများအား အုပ်စုလိုက် မုဒိန်းကျင့်ခြင်း၊ ရင်သွေးငယ်များအား မီးတောက်များထဲသို့ ပစ်ချခြင်း၊ အသက်ရှင်ကျန်ရစ်သူများသည် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးကြရခြင်းတို့ဖြစ်ခဲ့ရာ ကြီးမားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကျရောက်ခဲ့ကြပါသည်။ ထိုအကြပ်အတည်းသည် ဒေသတွင်းရှိနိုင်ငံများနှင့် အခြားနိုင်ငံများသို့ ရိုက်ခတ်ရာ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုများ ဖြစ်လာစေပါသည်။ နပ်ဖ်မြစ်သို့ ကပ်လာသည့် ရိုဟင်ဂျာများပါဝင်သည့် လှေများအား ဝေဟင်မှ လက်နက်များ၊ စစ်တပ်ပိုင်ရေတပ်များပါဝင်သည့် မြန်မာစစ်တပ်မှ ပစ်ခတ်ခြင်းများလည်း မကြာခဏရှိခဲ့သည်။ ထိုစစ်တပ်သည် နိုင်ငံတကာမှ အသုံးမပြုရန် ပိတ်ပင်ထားသည့် မြေမြှုပ်မိုင်းများကိုလည်း နယ်စပ်တလျှောက် ချထားခဲ့သည်။ အချို့ရွာများအား ဝေဟင်မှ လေယာဉ်များဖြင့် တိုက်ခိုက်ခြင်းတို့ ရှိခဲ့သည်။

၁၉၄၈ခုနှစ်မှစ၍ ရိုဟင်ဂျာလူဦးရေ၏ ၄ပုံ ၃ပုံမှာ လူမဆန်သည့်နည်းလမ်းများဖြင့် ၎င်းတို့၏ ဇာတိမြေမှ နှင်ထုတ်ခြင်းကို ခံခဲ့ရသည်။ ယနေ့အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်မတိုင်ခင်ကပင်ရောက်ရှိခဲ့သည့် ရိုဟင်ဂျာများ အပါအဝင် ရိုဟင်ဂျာလူမျိုး ၁.၂ သန်းကျော်ကို လက်ခံထားခဲ့ကြရရာ ကော့ဇ်ဘဇားခရိုင်တွင် ကမ္ဘာ့အကြီးဆုံး ဒုက္ခသည်စခန်းများ ရှိလာခဲ့သည်။ ထိုသို့အခြေအနေများတွင် ရိုဟင်ဂျာများသည် အိန္ဒိယနိုင်ငံသို့ထွက်ပြေးခြင်း သို့ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် အခြားသော တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများသို့ အန္တရာယ်များလွန်းလှသည့် လှေများဖြင့် အသက်အန္တရာယ်ရင်ဆိုင်ရကာ သွားကြရပါသည်။ ထိုင်း-မလေးရှားနယ်စပ်၊ ဘင်္ဂလားပင်လယ်အော်၊ အက်ဒမန် (သို့) ကပ္ပလီပင်လယ် နှင့် မလက္ကာရေလက်ကြားသည် လှေစီးရိုဟင်ဂျာများအဖို့ အသက်ဆုံးရှုံးရာ သုသာန်တစပြင်များ ဖြစ်လာကြသည်။ ရိုဟင်ဂျာများသည် လူသားခြင်းစာနာသောအားဖြင့် မိမိတို့အား နေရာထိုင်ခင်းပေးခြင်း၊ စောင့်ရှောက်ခြင်းတို့ပြုသည့် ဘင်္ဂလားဒေ့ရှ်နှင့် အခြားလက်ခံသည့် နိုင်ငံများအား အထူးပင် ကျေးဇူးတင်ကြပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရခေါင်းဆောင်ဖြစ်ခဲ့ကာ ပါဝါအာဏာမဲ့မဟုတ်ပဲ ဖြစ်သည့် အနေအထားတွင်ပင် ရိုဟင်ဂျာများအား ကူညီခဲ့ခြင်း မရှိခဲ့သည်မှာ တုန်လှုပ်ခြောက်ခြားဖွယ်ရာ ဖြစ်ပါသည်။ ကူညီခြင်းမရှိခဲ့သည့်အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) အစိုးရသည် နိုင်ငံတကာခုံရုံး အိုင်စီဂျေတွင် ရိုဟင်ဂျာများအား ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့သည့် စစ်တပ်အား ခုခံချေပပေးခဲ့ပါသေးသည်။ သို့သော် ထိုစစ်တပ်က ယခုအချိန်တွင် မြန်မာတနိုင်ငံလုံးရှိလူများအား အစုလိုက်အပြုံလိုက် ဖိနှိပ်ရက်စက်မှုများ ကျူးလွန်လျက်ရှိကာ ဒေါ်အောင်ဆန်းစုကြည်သည်ပင်လျှင် စစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံနေရပါသည်။

၂၀၁၇နှင့် ၂၀၁၈ ခုနှစ်များတွင် ကုလသမဂ္ဂမှ ရိုဟင်ဂျာပြဿနာ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်လာခဲ့ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သည့်နိုင်ငံတကာ စုံစမ်းလေ့လာရေးအဖွဲ့ (Independent Fact-finding Mission on Myanmar)- IFFMM)အားဖွဲ့စည်း၍ လုပ်ပိုင်ခွင့်ပေးအပ်ခဲ့ကာ စစ်တပ်နှင့် အချို့သော ပြည်သူများသည် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်ကိုကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်ဟုလည်းကောင်း၊ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် မြန်မာနိုင်ငံ၏ အရပ်သားအရာရှိများသည် “ အရပ်သားပြည်သူများအား ကာကွယ်ရန် တာဝန်”ကို ပျက်ကွက်ခဲ့ကာ ရက်စက်သည့် ရာဇဝတ်မှုများအား ဖြစ်စေခဲ့သည်ဟု ကောက်ချက်ချထားသည့် အစီရင်ခံစာတစောင်ကိုလည်း ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် ရခိုင်ပြည်နယ်၏ လူဦးရေဖွဲ့စည်းပုံကို ပြောင်းလဲစေရန် ရေးဆွဲထားသည့် မူဝါဒများနှင့် ရိုဟင်ဂျာအသိုင်းအဝိုင်းများအား ပျက်စီးစေရန် စီစဉ်ထားသည့် အစီအစဉ်တရပ်စသည့် “လူမျိုးတုံးသတ်ဖြတ်လိုသည့် ရည်ရွယ်ချက်” ကိုဖော်ညွှန်းသည့် သက်သေအထောက်အထားများကိုလည်း တွေ့ရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ရက်မှစ၍ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာရွာပေါင်းအနည်းဆုံး ၃၉၂ ရွာသည် မီးရှို့ခံခဲ့ရကာ ပြာကျခဲ့ရသည်ဟု IFFMMမှ ရေးသားခဲ့သည်။ ထိုအဖွဲ့မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အပါအဝင် ထိပ်တန်းစစ်တပ်အရာရှိများအား လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် အပြစ်ပေးရန် ဆိုခဲ့သည်။

၂၀၁၈ ခုနှစ် ဩဂုတ်လတွင် လေ့လာမှုတခုသည် မြန်မာစစ်တပ်နှင့် ဒေသခံဗုဒ္ဓဘာသာဝင်များမှ သတ်ဖြတ်၍ ရိုဟင်ဂျာလူမျိုး ၂၄၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ရိုဟင်ဂျာအမျိုးသမီးနှင့် မိန်းကလေး ၁၈၀၀၀ ကျော်သည် မုဒိမ်းကျင့်ခံခဲ့ရကာ ရိုဟင်ဂျာ ၁၁၆၀၀၀ ကျော်သည် ရိုက်နှက်ခံခဲ့ရပြီး ရိုဟင်ဂျာ ၃၆၀၀၀ ကျော်သည် မီးတောက်များအတွင်းသို့ ပစ်သွင်းခြင်း ခံရသည်ဟု ခန့်မှန်းခဲ့သည်။ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များရှိ ချွတ်ပြင်၊အင်းဒင်၊ အလယ်သံကျော်၊ ဒူးချီးရာတန်း၊ တူလာ တူလီ၊ ဂူတာပြင်နှင့် အခြားရွာများတွင်လည်း စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် အရပ်သား ဗုဒ္ဓဘာသာဝင်များမှ ရိုဟင်ဂျာများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများလည်းရှိခဲ့သည်။ စစ်တပ်အပြင် မြန်မာနယ်ခြားစောင့်တပ်နှင့် ရခိုင်ဗုဒ္ဓဘာသာဝင်များပါဝင်သည့် ပြည်သူ့စစ်အဖွဲ့များသည်လည်း ထိုရက်စက်မှုများတွင် ပါဝင်ကျူးလွန်ခဲ့ကြသည်။

လူ့အခွင့်အရေးလေ့လာစောင့်ကြည့်လေ့လာရေးအဖွဲ့မှ စစ်တပ်၏လုပ်ဆောင်ချက်များတွင် အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်သည်ဟု ဆိုခဲ့ကာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သည့် ပရာမီလာ ပက်တန်မှလည်း ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးများသည် သူတို့၏ လူမျိုးစုဖြစ်တည်မှုနှင့် ဘာသာရေးယုံကြည်ကိုးကွယ်မှုတို့ကြောင့် မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့၏ “စနစ်တကျစီစဉ်ထားသည့်” ပစ်မှတ်များ ဖြစ်လာကြသည်ဟု ဆိုခဲ့ပါသည်။ အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအနက် စစ်တပ်မှ ထိန်းသိမ်းထားစဉ် လိင်ကျွန်ပြုခြင်း၊ လူအများရှေ့တွင် အတင်းအဓမ္မ ဖော်ချွတ်စေခြင်းနှင့် အရှက်ရစေခြင်းတို့ပါဝင်သည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့မှ အသက်၁၅နှစ်အရွယ်ရိုဟင်ဂျာမိန်းကလေးအား မြန်မာစစ်သားများမှ မြေကြီးပေါ်တွင် သနားညှာတာစိတ်မရှိပဲ ပေ ၅၀ကျော်အကွာအဝေးထိ တရွတ်တိုက်ဆွဲပြီး မြန်မာစစ်သား ၁၀ဦးမှ အဓမ္မပြုကျင့်ခဲ့သည်ဟု ဖော်ပြခဲ့သည်။

၂၀၁၉ခုနှစ် နိုဝင်ဘာ ၁၁ရက်နေ့ကစ၍ ရိုဟင်ဂျာလူများအပေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်သည်ဟု ပြောကြားချက်များကို မီးမောင်းထိုးပြသည့် ဖြစ်ရပ် ၃ခုသည် ကမ္ဘာ၏ မတူညီသည့် နေရာများတွင် ရက်သတ္တပတ် တပတ်အတွင်း ဖြစ်ခဲ့သည်။ အရပ်သားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် အခြားသူများသည် ခုံရုံးများတွင် စွဲချက်တင်ခြင်းများကို ရင်ဆိုင်ကြရသည်။ ပထမဆုံးဖြစ်ရပ်မှာ နိုဝင်ဘာ ၁၁ရက်နေ့တွင် အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ - အိုအိုင်စီ OIC ကိုကိုယ်စားပြု၍ ဂမ်ဘီယာနိုင်ငံမှ အိုင်စီဂျေတွင် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၁၃ရက်နေ့တွင် မြန်မာရိုဟင်ဂျာအဖွဲ့အစည်း- ယူကေမှ ဦးဆောင်၍ နိုင်ငံအများ၏ ဥပဒေတွင် လိုက်နာကျင့်သုံးကြသည့် ဥပဒေအယူအဆဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး အောက်ရှိ အာဂျင်တီးနားနိုင်ငံတွင် အမှုဖွင့်ခဲ့သည်။ တရက်အကြာ နိုဝင်ဘာ ၁၄ရက်နေ့တွင် နိုင်ငံတကာရာဇဝတ်မှုခုံရုံး အိုင်စီစီသည် ဘင်္ဂလားဒေ့ရှ်နယ်မြေတွင် မြန်မာစစ်တပ်မှ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရေးတရပ်ကို လက်ခံအတည်ပြုခဲ့သည်။ ၂၀၂၂ခုနှစ် မတ်လ ၂၁ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ မြန်မာစစ်တပ်၏ တပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု အဆုံးအဖြတ်ပေးခဲ့သည်။

ဂမ်ဘီယာနှင့် မြန်မာ အမှုတွင် နိုင်ငံတကာခုံရုံး အိုင်စီဂျေမှ လိုက်နာရမည့် လုပ်ဆောင်ချက်များ ချမှတ်ခဲ့သော်လည်း မြန်မာစစ်တပ်သည် ရက်စက်မှုများကျူးလွန်ခဲ့သည့် အထောက်အထားများကို ဖျောက်ဖျက်ပစ်ရန်အတွက် မီးလောင်ခဲ့သော ရိုဟင်ဂျာရွာများအား ဘူဒိုဇာဖြင့် ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ စစ်ဆင်ရေးများကြောင့် ရိုဟင်ဂျာများ နေထိုင်ခြင်းမရှိတော့ပဲ မီးမလောင်ပဲကျန်ရစ်ခဲ့သည့် ရွာများအားလည်း ဘူဒိုဇာဖြင့် ရှင်းလင်းခဲ့ကြသည်။
ရိုဟင်ဂျာများအတွက် အရေးကြီးဆုံးမှာ နေရပ်ပြန်နိုင်ရန်ဖြစ်သည်။ သို့သော် သွေးချောင်းစီးခြင်းနှင့် အကြမ်းဖက်မှုများ စောင့်နေမည့် အရပ်သို့ သူတို့ ပြန်ရန်မဖြစ်သည့်အပြင် ရခိုင်ပြည်နယ်တွင် ဆက်လက်တည်ရှိနေသည့် ရိုဟင်ဂျာများသည်လည်း မိမိတို့၏ အသက်ရှင်ရပ်တည်ရေးကို ခြောက်လှန့်မှုများ ဆက်လက်ရင်ဆိုင်နေကြရပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ထိုလူများအား ရက်စက်ကြမ်းကြုတ်မှုများ ထပ်မံကျူးလွန်ခြင်းမခံရစေရန် ကာကွယ်ပေးရန်အတွက် တာဝန်ရှိပါသည်။
နိုင်ငံတကာအသိုင်းအဝိုင်းအတွက် ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်ခြင်းသည် ကြီးမားသည့် စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါသည်။ ကျွန်ုပ်တို့ခေတ်တွင် အကြီးမားဆုံးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာတရပ်လည်းဖြစ်သည်။ ယုံကြည်ရလောက်သည့် တာဝန်ယူမှု၊တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများရှိမှသာ ကျူးလွန်ခံရသူများသည် တရားမျှတမှုရရှိသည်ကို မျက်မြင်တွေ့ရမည်ဖြစ်ကာ အကြမ်းဖက်မှုစက်ဝန်း တကျော့ပြန်မလည်လာစေရန် ဟန့်တားနိုင်မည်လည်းဖြစ်သည်။

မြန်မာအနေဖြင့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတစ်စုအဖြစ် ရပ်တည်ရာတွင် ရိုဟင်ဂျာများသည်လည်း ရခိုင်လူမျိုးများနှင့် ညီမျှသူများအဖြစ် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရမည် ဖြစ်ပါသည်။ ရိုဟင်ဂျာများ မိမိဆန္ဒအလျောက် လုံခြုံ၍ ဂုဏ်သိက္ခာရှိစွာ၊ ရေရှည်တည့်တံ့ရပ်တည်နိုင်စွာဖြင့် သင့်တော်သည့် ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်၍ မိမိတို့၏ နေရပ်များသို့ ပြန်နိုင်စေရန် သင့်တင့်လျောက်ပတ်သော အခြေအနေများ ဖန်တီးပေးဖို့ လိုအပ်ပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် ရိုဟင်ဂျာများအား အထောက်အကူဖြစ်စေရန် ပျက်ကွက်သည်မှာ အကြိမ်ပေါင်းများစွာရှိပြီးဖြစ်သောကြောင့် ယခုအခါတွင် မပျက်ကွက်အောင် ဆောင်ရွက်ရပေလိမ့်မည်။

နောက်ဆုံးထပ်မံပြောကြားလိုသည်မှာ မည်သည့်လူမျိုးတုံးသတ်ဖြတ်ခြင်းကိုမှ ကြားဝင်ဆောင်ရွက်ခြင်းမရှိဘဲ ကာကွယ်နိုင်ခဲ့ခြင်း၊ ရပ်တန့်နိုင်ခဲ့ခြင်း အလျင်းမရှိပါ။

# ရခိုင်ကို ပြိုကွဲစေခြင်းဖြင့် သိမ်းပိုက်ရန် ကြံသည့် မြန်မာ စစ်တပ်၏ အစီအစဉ်များ

မြန်မာစစ်တပ်သည် ရခိုင်ကို ထိန်းချုပ်ရန် အချိန်အကြာမြင့်ဆုံးသော၊ အောင်မြင်မှုရှိနိုင်ဆုံး ဖြစ်သည့် လက်နက်ကို အသုံးချသည်။

**တင်သိန်း**

မြန်မာစစ်တပ်သည် ရခိုင်ကို ထိန်းချုပ်ရန် အချိန်အကြာမြင့်ဆုံးသော၊ အောင်မြင်မှုရှိနိုင်ဆုံး ဖြစ်သည့် လက်နက်ကိုအသုံးချသည်။

လူသားမျိုးနွယ်ယဉ်ကျေးမှုစတင်ပေါ်ထွန်းသည့်အချိန်ကပင် ဘုရင်များနှင့်စစ်သူကြီးများသည် ၎င်းတို့၏ဩဇာအာဏာမြင့်မားမှုကို အတိုက်အခံပြုသူများကိုအင်အားချိနဲ့စေရန် အလွန်ထိရောက်သော မဟာဗျူဟာတစ်ရပ်ကို မကြာခဏ အသုံးချလေ့ရှိကြသည်။ “ ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်ခြင်း divide and rule” သို့ “ပြိုကွဲစေခြင်းဖြင့် သိမ်းပိုက်ခြင်း divide and conquer”ဟူသည့် အတွေးအခေါ်မှာ လူ့အသိုင်းအဝိုင်းများ၏ တော်လှန်ရေးအိပ်မက်များကို အောင်အောင်မြင်မြင် ဖျက်စီးကာ စစ်မက်အားပေးသည့် တပ်များကို ပြန်လည် နေရာရစေသည်။ ထိုသည်မှာနိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ သိပ္ပံပညာရပ်တွင် ရိုးရှင်းသော်လည်း ထိရောက်သည့် ကိရိယာတခုဖြစ်ကာ များသောအားဖြင့် အောင်မြင်မှုရှိသည်ကို လေ့လာရသည်။ ထိုမဟာဗျူဟာအား အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့သည့် တပ်များထဲတွင် မြန်မာစစ်တပ်လည်း ပါဝင်ခဲ့ရာ အထူးသဖြင့် ရခိုင်ဒေသတွင် ရခိုင်နှင့်ရိုဟင်ဂျာရပ်ရွာအသိုင်းအဝိုင်းတို့တွင်ရှိ ရပ်ရွာခေါင်းဆောင်များနှင့် လူမျိုးစုပြဿနာများ တမဟုတ်ချင်းမီးဟုန်းဟုန်းတောက် ပေါက်ကွဲနိုင်သည့် နေရာများဖန်တီးခဲ့ရာ ထိုရခိုင်နှင့် ရိုဟင်ဂျာရပ်ရွာအသိုင်းအဝိုင်းတို့သည် ရိုဟင်ဂျာမွတ်စလင်များအား ၂၁ရာစုနှစ်၏ လူမျိုးတုံး သတ်ဖြတ်ခြင်းကို ကျူးလွန်နေကြသည့် မြန်မာစစ်တပ်ကိုအားလည်းကောင်း၊ရက္ခိုင့်တပ်တော်(AA)ကိုပြန်လည်တိုက်ခိုက်သည်ဟုအမည်ခံကာ ရခိုင်ဗုဒ္ဓဘာသာဝင်များအား ရက်ရက်စက်စက်ဖိနှိပ်မှုများကျူးလွန်နေသည့် မြန်မာစစ်တပ်ကိုအားလည်းကောင်းရန်သူအသွင်မြင်ကြခြင်းထက် မိမိတို့အချင်းချင်းအကြားရန်သူများအဖြစ် ရှု့မြင်နေကြသည်။

၁၉၄၈ခုနှစ်တွင် ယခုမြန်မာနိုင်ငံဟုခေါ်တွင်သည့် နိုင်ငံသည် ဗြိတိသျှအုပ်ချုပ်ရေးလက်အောက် ကျရောက်ပြီးရာစုနှစ်တခုကျော်အကြာတွင် ကမ္ဘာ့မြေပုံပေါ်တွင် ပြန်လည်ပေါ်ထွက်လာခဲ့သည်။ သာမန်ကာလျှံကာကြည့်လျှင် မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီ၏ ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်သည့် မဟာဗျူဟာကြောင့် နိုင်ငံနှစ်နိုင်ငံအဖြစ် ကွဲခဲ့ရသည့် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့်မတူပဲမိမိတို့နိုင်ငံ၏ ကိုလိုနီလက်အောက်မကျရောက်ခင် နှစ်များက နယ်နိမိတ်များအား ထိန်းသိမ်းထားနိုင်ခဲ့သည်ဟု ထင်ကောင်းထင်နိုင်ခဲ့သည်။ ထိုအပေါ်ယံ၏အောက်သို့ ထိုးထွင်းကြည့်ပါလျှင်မူ ထိုထင်မြင်ချက်သည် ဆိုးဆိုးရွားရွား ယုံမှားခဲ့ခြင်းဖြစ်သည်ကို သိနိုင်သည်။ နိုင်ငံအသစ်၏အလံအား ဗြိတိသျှအလံအပြာရောင်နေရာတွင် အစားထိုးလွှင့်တင်ခြင်းပြီးသည့်အချိန်မှာပင် ရှေးယခင် သမိုင်းကြောင်းသည် တဖန်အသက်ဝင်လာပါသည်။

ထိုဖြစ်စဉ် ဖြစ်ပွားခဲ့သည့်နေရာများအနက် အာရကန် (ရခိုင်) ပြည်နယ်ရှိ ကျွန်ုပ်တို့ ဇာတိမြေလည်း ပါဝင်ပါသည်။ ရာစုနှစ်ပေါင်းများစွာတွင် အာရကန်သည် သီးခြားဘုရင့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ကာ ၁၈၂၆ ခုနှစ် ဗြိတိသျှအုပ်ချုပ်ရေးမတင်စတင်မီတွင် ဗမာပြည်အုပ်ချုပ်ရေးမှာ ၄၂နှစ်သာ ကြာမြင့်ခဲ့သည်။ အာရကန်သည် အရှေ့ဘက်ဘားမားဟုခေါ်ခဲ့သည့်နိုင်ငံမှ သီးခြားဖြစ်ခဲ့ကာ၊ ဗမာဘုရင်ဘိုးတော်ဘုရားသည် အာရကန်မင်းဆက်ကို ကျဆုံးစေခဲ့ကာ မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်များအပါအဝင် လူပေါင်း၂၀၀၀၀၀ ကျော်ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်း၊ ယခု ချစ်တကောင်းဟု ခေါ်ဆိုသည့် မြို့သို့ လူအများထွက်ပြေးခဲ့ရခြင်းစသည့် သမိုင်းကြောင်းဖြစ်စဉ်များကို မထောက်ရှု့ဘဲ အာရကန်သည် မြန်မာနိုင်ငံ၏ တစိတ်တပိုင်းဖြစ်သည်ဟု နိုင်ငံခြားသား လေ့လာသူများမှ ပြောကြားခြင်းသည် အာရကန်မြေရှိ လူများအတွက် မနှစ်မြို့စရာဖြစ်ပါသည်။ အာရကန်ဘုရင့်နိုင်ငံတော်သည် ရာစုနှစ်၃စုနှင့် တဝက်ကြာ ရှေးမြို့ဟောင်း မြောက်ဦးမှ သီးခြားအုပ်ချုပ်ခဲ့ပါသည်။

ထိုသို့တသီးတခြားရပ်တည်နိုင်ခဲ့သည့် အာရကန်တွင် အလုံးစုံလွတ်လပ်ရေးရခဲ့သည်ဟု မရှိခဲ့ပါ။ အာရကန်ပြည်နယ်၏ နိုင်ငံရေးနှင့်လက်နက်ကိုင်လုပ်ငန်းများသည် ဗဟိုချုပ်ကိုင်မှုရှိသည့် ဗမာကြီးစိုးသည့်အုပ်ချုပ်ရေးကိုဆန့်ကျင်ကာ ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေးကို တောင်းဆိုခဲ့ကြပါသည်။ လက်ရှိအချိန်တွင် ထိုလုပ်ငန်းများကိုအဓိကဦးဆောင်နေသည်မှာ လူများစုဖြစ်သည့် ရခိုင်ဗုဒ္ဓဘာသာဝင်များ၏ ထောက်ခံအားပေးမှုကို တခဲနက်ရရှိထားပြီး ရိုဟင်ဂျာမွတ်စလင်တော်တော်များများမှမူ သံသယမကင်းနိုင်ခြင်းကို ခံနေရသည့် ရက္ခိုင့်တပ်တော် (AA) ပင်ဖြစ်သည်။ မြန်မာစစ်တပ်မှကျူးလွန်ခဲ့သည့် ၂၀၁၇ လူမျိုးတုံးသတ်ဖြတ်မှုကို  ရခိုင်တော်တော်များများနှင့် ကျန်ရှိသည့်မြန်မာနိုင်ငံတဝှမ်းမှလူများမှ အကြမ်းဖက်များအားတိုက်ခိုက်ချေမှုန်းသည့် စစ်ဆင်ရေးအဖြစ် မြင်ခဲ့ကြသောကြောင့် ထိုသို့သံသယရှိခြင်းမှာလည်း သိပ်မဆန်းကြယ်လှပါ။ သို့သော် ရက္ခိုင့်တပ်တော်မှ ထိုသို့ခံယူချက်များအား ဆန့်ကျင်ကာ ရိုဟင်ဂျာ မွတ်စလင်တို့သည်လည်း အာရကန်တွင် နေထိုင်သူများဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိသည့် ဒုက္ခသည်များအားလည်း ပြန်လည်ထူထောင်ရေးများ လုပ်သွားမည်ဖြစ်ကြောင်း ဆိုခဲ့ပါသည်။ သို့သော်လည်း မြန်မာစစ်တပ်၏ ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်သည့် မူဝါဒများသည် အောင်မြင်မှုရှိခဲ့ကာ လူအများ၏ စိတ်ထဲတွင် ထိုခံယူချက်များသည် အမြစ်တွယ်နေတော့သည်။

၁၉၄၈ ခုနှစ်မှပင် မြန်မာစစ်တပ်သည် တိုင်းပြည်အတွင်းရှိလက်နက်ကိုင်တပ်များကို တိုက်ခိုက်နေရသည့် အောင်မြင်မှုရှိသည့် စစ်တပ်အဖြစ် နာမည် (လေးစားမှု) တဖြည်းဖြည်းရရှိလာခဲ့သည်။ ဗမာအမျိုးသားရေးဝါဒနက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည့် မြန်မာစစ်တပ်သည် ၁၉၆၀ပြည့်နှစ်များတွင် တိုက်ရိုက်အာဏာသိမ်းယူကာ ကျန်ရှိသည့် ရာစုနှစ်တဝက်တွင် ရက်စက်ကြမ်းကြုတ်မှု၊ မာခီယာဗယ်လီအုပ်ချုပ်ရေးနည်းထုံးများနှင့် အုပ်စိုးကာ မတူကွဲပြားသည့် လူမျိုးစုများနေထိုင်ရာ နိုင်ငံတွင် လူမျိုးစုများအား ကြီးစိုးခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည် ၂၁ရာစု၏ ပထမဆုံးသော လူမျိုးတုံးသတ်ဖြတ်မှုတွင် ရိုဟင်ဂျာမွတ်စလင်များအား ကျား၊မ ဂျဲန်ဒါ၊ အသက်အရွယ်မခွဲခြားပဲ ၄င်းတို့၏ နေအိမ်များမှ နှင်ထုတ်ကာ သတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် မီးရှို့ခြင်းကျူးလွန်ခဲ့သည့် မြန်မာစစ်တပ်အား သမိုင်းတွင် အမှတ်ရနေမည်မှာ မလွဲကေန်ဖြစ်ကာ ထိုသည်ပင်လည်း ၁၇၈၄ခုနှစ်တွင် ဘုရင်ဘိုးတော်ဘုရားမှ အာရကန်မြေကို သိမ်းပိုက်ကာ အာရကန်မြေတွင် နေထိုင်ကြသူများအား နယ်စပ်ဖြတ်ကျော်ကာ ဒုက္ခသည်များဖြစ်စေခဲ့ခြင်းကိုလည်း အမှတ်ရစေမည်ဖြစ်သည်။
ကမ္ဘာ့တဝှမ်းမှ စိုးရိမ်ကြောင့်ကြခြင်းဖြင့် ကြည့်နေသည့်အခါတွင် ဗုဒ္ဓဘာသာကို ဖျက်စီးမည့်ရည်ရွယ်ချက်ရှိသည့် မွတ်စလင်အကြမ်းဖက်သမားများကို နှိမ်နှင်းခြင်းဖြစ်သည်ဟု မြန်မာစစ်တပ်၏ ဝါဒဖြန့်ချီမှုအားယုံမှားနေကြသည့် နိုင်ငံတွင်းရှိ အခြားဒေသများမှ လူများမှ မြန်မာစစ်တပ်အား အားပေးထောက်ခံခြင်းကို ခံခဲ့ရခြင်းကိုလည်း အမှတ်ရနေမည်ဖြစ်သည်။

ထိုဝါဒဖြန့်ချီရေးသည် အောင်မြင်ခဲ့သောကြောင့် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ပြီးယခုအခါတွင် တစ်နိုင်ငံလုံးရှိ ပြည်သူများကိုအစုလိုက်အပြုံလိုက်သတ်ခြင်းတို့ ဆက်လက်ကျူးလွန်နေသည့် စစ်သားကိုပင် သူရဲကောင်းများ အဖြစ် ချီးကျူးထောပနာ ပြုခဲ့ကြသေးသည်။ ထိုတွင် လာမည့် ၄နှစ်မကြာခင်အချိန်မှာပင် ပရိသတ်ပြည်သူအပေါင်းသည် ထို"သူရဲကောင်းများ"မှပင် လူမျိုးတုံးသတ်ဖြတ်ခြင်းကိုအားပေးခဲ့ကြသည့် ၎င်းတို့အား သတ်ဖြတ်ရန် ပြင်ကြတော့မည်ကို မသိခဲ့ကြပေ။

ထိုသည်မှာ မြန်မာစစ်တပ်၏ "ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်ခြင်း" မူဝါဒ၏ အောင်မြင်ခဲ့ပုံဖြစ်သည်။ ထိုအရာသည် ရုတ်တရက် လုပ်ဆောင်ခဲ့သည်မဟုတ်ပဲ မြောက်ဦးဘုရင့်နိုင်ငံတော်ကို ဖျက်စီးခဲ့သည့် တပ်များ၏ လွှမ်းမိုးမှုကို ခံယူကာဖြစ်တည်လာသည့် ဆယ်စုနှစ်ပေါင်းကြာမြင့်စွာတည်ရှိနေသော ဗမာ ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒမှ အသေးစိတ်စနစ်တကျစီစဉ်ထားခဲ့ကြသည့် မူဝါဒများပင်ဖြစ်သည်။

ဗမာလူမျိုးစု အမျိုးသားရေးဝါဒီများသည် ၎င်းတို့၏ စိုးမိုးမှုကို အတိုက်အခံပြုနေသူများ များပြားလာသော်လည်း ၎င်းတို့ကဲ့သို့ တညီတညွတ်တည်းမရှိဘဲ လူမှုအသိုင်းအဝိုင်းပေါင်းစုံမှ ဖြစ်ကြသည်ကို သတိပြုမိသည်။ ထိုလူမျိုးစုရန်သူများကို စိုးမိုးနိုင်စေဖို့အတွက် သူတို့အနေဖြင့် ထိုလူမျိုးစုများ စည်းလုံးခြင်းမပြုနိုင်စေရန် ဆောင်ရွက်ဖို့လိုအပ်ကြောင်း သိနားလည်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် အရေးကြီးဆုံးနေရာမှာ ဥရောပကိုလိုနီလက်အောက်သို့ သွတ်သွင်းမခံရခင် ဗမာဘုရင်တို့မှ နှစ်၄၀သာ အုပ်ချုပ်ခဲ့သော အာရကန်ပြည်ဖြစ်ခဲ့သည်။

ရှေးယခင်က ဗမာအမျိုးသားရေးဝါဒီများက အာရကန်ပြည်နယ်ကို သိမ်းပိုက်ခြင်းသည် ဗုဒ္ဓဘာသာဝင် ရခိုင်တို့နှင့် ရိုဟင်ဂျာမွတ်စလင် အသိုင်းအဝိုင်းတို့အကြားသဘောထား ကွဲလွဲခြင်းများကို စတင်အရင်းတည်လာနိုင်စေသည်ကို သိရှိခဲ့ပါသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ဗြိတိသျှထံမှ လွတ်လပ်ရေးရယူမည့် တော်လှန်ရေး အရှိန်အဟုန်ကောင်းလာသည့်အခါတွင် မွတ်စလင်နှင့် ရခိုင်ဗုဒ္ဓဘာသာတို့ စည်းလုံးသွားပါက ၎င်းတို့၏ ဗဟိုချုပ်ကိုင်မှုဖြင့် အုပ်ချုပ်မည့် အစီအစဉ်များကိုသိနားလည်သွားနိုင်သည်ကို ကောင်းကောင်းသိသောကြောင့် ထိုအခြင်းအရာကို တကယ့်စင်စစ်ဖြစ်ရပ်အဖြစ် ပေါ်ပေါက်ရန် ကြံစည်ခဲ့ပါသည်။ အခြားသောလူမျိုးစုအမျိုးသားဝါဒီများကဲ့သို့ပင် ထိုခေါင်းဆောင်များသည် လွတ်လပ်ရေး၏ ရှေ့ပြေးနိမိတ်ဟု ယူဆနိုင်သည့် ဖက်ဒရယ်ဝါဒဖြစ်ထွန်းလာမည်ကို ကြောက်ရွံ့ခဲ့ကြပါသည်။ အမျိုးသားဝါဒီအမြစ်တွယ်နေသည့် မြန်မာစစ်တပ်သည် ထိုမဟာဗျူဟာကို နောက်တဆင့်မြှင့်၍ အသုံးချခဲ့ပါသည်။

အားလုံးခန့်မှန်းကြသလိုပင် လွတ်လပ်ရေးရရှိပြီးနောက် ဘားမားနှင့် ယနေ့ခေတ်မြန်မာနိုင်ငံသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများအပြား တည်ရှိရာ နိုင်ငံဖြစ်သည်။ မြန်မာစစ်တပ်၏ "ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်ခြင်း" မူဝါဒသည် အောင်မြင်မှုရှိကာ နှစ်ဖက်အသိုင်းအဝိုင်းတို့သည် တဖက်နှင့်တဖက် သံသယမကင်းသည့် မျက်လုံးများဖြင့်ကြည့်လာကြသော်လည်း အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (Arakan Rohingya National Organization- ARNO)၊ အာရကန်အမျိုးသားညီညွတ်ရေးပါတီနှင့် ယခု ရက္ခိုင့်တပ်တော် (AA) အဖြစ် ပေါင်းစပ်ခဲ့ပြီးဖြစ်သော ရခိုင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့အကြားတွင် ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာတခုအထိရှိခဲ့သည်။ အာရကန်ရိုဟင်ဂျာ အမျိုးသားအဖွဲ့ချုပ်နှင့် ရခိုင်အမျိုးသားညီညွတ်ရေးပါတီတို့အကြား နားလည်မှုကြောင့် ယနေ့ခေတ်တွင် ရခိုင်-ရိုဟင်ဂျာ စည်းလုံးရေး၏ ရှားပါးလှသည့် စာမျက်နှာကို ဖွင့်နိုင်ခဲ့ကြကာ ထိုဖြစ်စဉ်သည် ရန်ကုန်ရှိ စစ်ခေါင်းဆောင်များအား ကြီးစွာ စိတ်အနှောင့်အယှက်ဖြစ်စေသည်။

divide-and-rule ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်ခြင်း မူဝါဒသည် ရလာဒ်များ ဆက်လက်ရရှိနေဆဲဖြစ်သည်။ ထိုရာစုသစ်၏ အစောပိုင်းနှစ်များတွင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့အစည်းများသည် ကျူးရှုပ်တို့နောက်တွင် ပိုမိုဆွေးနွေးနိုင်မည့် အကြောင်းရင်းများကြောင့် ၎င်းတို့၏ စစ်ဆင်ရေးများအား ရပ်တန့်ရန် ဖိအားပေးခံခဲ့ရကာ မကြာသေးမီ ကနဦးတွင် ရိုဟင်ဂျာ အသိုင်းအဝိုင်းမှ လူတော်တော်များများသည် အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးရန် ရွေးချယ်ခဲ့ကြသည်။ ထိုအဖြစ်အပျက်သည် ရိုဟင်ဂျာအသိုင်းအဝိုင်းများအား အာရကန် (ရခိုင်) ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ ကျန်ရှိသည့် ဒေသများတွင် မလိုလားအပ်သည့်၊ စက်ဆုပ်ဖွယ်ကောင်းသည့် လူများအဖြစ် ဆက်လက်သမုတ်ပြောဆိုနေသည့် မြန်မာစစ်တပ်အဖို့ ရွှေ အခွင့်အလမ်းဖြစ်ခဲ့သည်။ ထိုအခါတွင် ရိုဟင်ဂျာများ၏ ကံများဆုတ်ယုတ်ခဲ့ရပြီး ထိုသို့ဝါဒဖြန့်ချီခြင်းမှာလည်း အထူးသဖြင့် Facebook လူမှုကွန်ရက် စာမျက်နှာများကဲ့သို့ ဝါဒများထိထိရောက်ရောက်ရေးသားဖြန့်ချီနိုင်သည့် နေရာအသစ်များကို အသုံးချကြကာ ပါကစ္စတန်နိုင်ငံမှ ရွှေ့ပြောင်းလာသူများကို အသုံးပြု၍ ၂၀၁၇ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှုကိုပင် အကြမ်းဖက်နှိမ်နင်းသည့် စစ်ဆင်ရေးအဖြစ် ပြည်တွင်းတွင် ကျယ်ကျယ်ပြန့်ပြန့်လက်ခံခဲ့ကြသည်အထိ မြန်မာစစ်တပ်၏ divide-and-rule မူဝါဒသည် အောင်မြင်မှုရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် လူသိအများဆုံးလူမှုကွန်ရက်ဖြစ်သည့် Facebook ကဲ့သို့သော ဝါဒဖြန့်ချီရေးအတွက် အသုံးချနိုင်သည့် ကွန်ရက်များအသုံးချကာ ရိုဟင်ဂျာများနှင့် မွတ်စလင်များအား ပစ်မှတ်ထားသည့် အမုန်းစကားများ ယခင်ကာလများထက်ကပင် ပိုမိုပြင်းပြင်းထန်ထန် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လာကြသည်။

လူအများသည်းခြေကြိုက်နိုင်ငံရေးချဉ်းကပ်ပုံနည်းလမ်းများခေတ်စားနေသည့်အချိန် 9/11ဖြစ်ရပ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် နိုင်ငံတကာတွင် မွတ်စလင်များအား မုန်းတီးရေးဝါဒီသည် တောမီးသဖွယ်ပျံ့နှံ့လာပြီး မြန်မာပြည်အား နှစ်လကြာရှည်စွာ စောင့်ကြည့်လေ့လာခဲ့သူများသည်ပင် ဒီမိုကရေစီလှုပ်ရှားမှု၏ အထင်ကရချစ်ခင်ခံရသူဖြစ်သည့် အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လာစေပြီးမြန်မာစစ်တပ်နှင့် ပါဝါမျှဝေကျင့်သုံးသည့် အခင်းအကျင်းကို ဖော်ဆောင်ပေးခဲ့သည့် ဒီမိုကရေစီတစိတ်တပိုင်းကို ချင့်ချိန်မှုအားနည်းစွာနှင့် အောင်ပွဲခံခဲ့ကြသေးသည်။

ယခုလက်ရှိကာလ ရခိုင်ဒေသတွင် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့် အုပ်ချုပ်ပုံသည် အထူးသဖြင့် ရက္ခိုင့်တပ်တော် (AA)၏ စစ်ဆင်ရေးများကြောင့် နိဂုံးချုပ်ရတော့မည်သကဲ့သို့ မြင်ရပါသည်။ သို့သော်လည်းမြန်မာသည် ခန့်မှန်း၍ရနိုင်မည်မဟုတ်ဟု မှတ်ယူထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ AA အနေဖြင့် အာရကန် (ရခိုင်)ပြည်နယ်တွင် မြန်မာစစ်တပ်အား ရှင်းထုတ်နိုင်ခဲ့သည် (သို့) မဟာမိတ်တပ်များနှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်တွင်ပါ ရှင်းထုတ်နိုင်ခဲ့သည် ဆိုလျင်တောင်မှ အောင်ပွဲခံဖို့ရန်မှာ အလွန်စောနေပါသေးသည်။ မြန်မာစစ်တပ်သည် ရန်ကုန်နှင့် နေပြည်တော်မြို့များကိုထိန်းချုပ်ထားဆဲဖြစ်ကာ တင့်ကားများ၊ တိုက်လေယာဉ်များ၊ အမြောက်များနှင့် စစ်သုံးရေယာဉ်များဖြင့် ပြည့်စုံသည့် တိုက်ခိုက်ရေးလက်နက်များ အတန်အသင့်ရှိပါသည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်းပင် စစ်ခေါင်းဆောင်များမှာလှည့်စားရာတွင် ကျွမ်းကျင်လွန်းကြသူများဖြစ်ကာ ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်ရေးမဟာဗျူဟာကို ကောင်းကောင်းကစားနိုင်ကြသူများ ဖြစ်ပါသည်။ ရခိုင်တွင် ရှိနှင့်ပြီးဖြစ်သည့် လူမျိုးစုအကြား ပဋိပက္ခများကို မီးတောက်လောင်စေခြင်းဖြင့် သူတို့၏ အုပ်ချုပ်ရေးကို အဓွန့်ရှည်စေမှာ မလွဲဧကန်ဖြစ်ကာ ကံကြမ္မာအလှည့်အပြောင်းလည်း ဖြစ်လာနိုင်သည်ကို ယခင်အတိတ်ကဖြစ်ရပ်များကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် ARNO နှင့် ရခိုင်အမျိုးသားညီညွတ်ရေးပါတီ NUPA တို့ကဲ့သို့ပင် ရိုဟင်ဂျာများနှင့် ရက္ခိုင့်တပ်တော် AA အကြား မဟာမိတ်ဖွဲ့ထားခြင်း (သို့) အနည်းဆုံးဆိုရသော် နားလည်မှုထားရှိခြင်းတို့ ရှိမှသာ စစ်အာဏာရှင်မှ အာရကန်တွင် ဖရိုဖရဲအခြေအနေနှင့် အရှုပ်အထွေးတို့ အချိန်ကြာမြင့်စွာ လက်ကိုင်အသုံးချလာသည့် ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်ခြင်း မူဝါဒများကို ဆက်လက်အသုံးမချနိုင်မှာဖြစ်သည်။ ထိုမူဝါဒများဆက်လက်တည်ရှိစေပါက ရိုဟင်ဂျာများကိုသော်လည်းကောင်း၊ ရခိုင်များကိုသော်လည်းကောင်းအကျိုးပေးမည်မဟုတ်ဘဲ စစ်အာဏာရှင်ကိုသာ ၎င်းတို့ ပြင်းပြင်းပျပျရှာဖွေနေသည့် ဝင်ပေါက်ကို ဖွင့်ပေးသကဲ့သို့ဖြစ်ပေမည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ရခိုင်များကို ပစ်မှတ်ထားဆန့်ကျင့်သည့် ဝါဒဖြန့်ချိမှုများ ရှိလာသည်။ ထိုအခါတွင် မြန်မာတဝှမ်းလုံး စစ်မှုထမ်းဥပဒေပြဌာန်းကာ အာရကန်ရှိ မြန်မာစစ်တပ်ထိန်းချုပ်မှုရှိသည့် နေရာများတွင်ရှိသော ရိုဟင်ဂျာရွာများတွင်လည်းရပ်မိရပ်ဖများကို ဆင့်ခေါ်ကာ ရက္ခိုင့်တပ်တော် AA ကိုတိုက်ခိုက်ရန်အတွက် ရိုဟင်ဂျာလူငယ်များအား ပို့ဆောင်ပေးရန် ခိုင်းစေခြင်းများ ရှိလာသည်။

ထို့အပြင် ထင်ရှားသည့် ရခိုင်နိုင်ငံရေးသမားများသည်လည်း စစ်ကောင်စီနှင့် လက်ချင်းချိတ်ပူးပေါင်းကြကာ အာရကန်တွင် မြန်မာစစ်တပ်အား အတိုက်အခံပြုနေကြသည့် အဖွဲ့များအား အရေးနိမ့်စေရန် ကြိုးပမ်းလာကြသည်။ ထိုသို့ကြိုးပမ်းမှုများတွင် မွတ်စလင်ဆန့်ကျင့်ရေးနိုင်ငံရေးသမားများ ပါဝင်ကြပြီး ထိုအနက် အကျော်ကြားဆုံးမှာ ဒေါက်တာ အေးမောင် ဖြစ်သည်။ ထိုသူတို့သည် အာရကန် အရေးနှင့်ပက်သက်၍ အတွေ့အကြုံဝါရင့်ကြပြီး သိရှိကျွမ်းကျင်ကြသူများ ဖြစ်ပါသည်။ အာရကန်မှ မွတ်စလင်လူဦးရေကို ရှင်းလင်းချင်သော ၎င်းတို့၏ ရည်ရွယ်ချက်အတွက် ကြိုးပမ်းအားထုတ်ခြင်းများဆောင်ရွက်ခြင်းမရှိပါ။ အခြားမသမာသည့်လူများတွင် မဘသနှင့် ၉၆၉ လှုပ်ရှားမှုများကဲ့သို့သော အမျိုးသားလှုပ်ရှားမှုများအားအားပေးထောက်ခံသူများသည်လည်းနောက်ကွယ်မှပါဝင်လာကာ စစ်ကောင်စီမှ ခေါ်ယူပါကအသင့်အနေထားဖြစ်နေပါသည်။

ရိုဟင်ဂျာဖြစ်စေ၊ ရခိုင်ဖြစ်စေ သတိပြုရမည်မှာ မြန်မာစစ်တပ်သည် အာရကန်တွင် လူမျိုးရေး တင်းမာမှုများ ဖြစ်စေရန် အစွမ်းကုန်ကြိုးစားကြမည်ဟူသည် ဖြစ်ပါသည်။ ထိုသည်ပင်လည်း အာရကန်တွင် စစ်ကောင်စီမှ အောင်မြင်မှုရရှိနိုင်မည့် တခုတည်းသော လမ်းကြောင်းဖြစ်သည်။





# ၂၀၁၇ခုနှစ်တွင် စစ်သားများမှ ရိုဟင်ဂျာများအား ဘင်္ဂလား ဒေ့ရှ်ဘက်သို့ နှင်ထုတ်ခဲ့သည့် လမ်းကြောင်းမှာပင် စစ်သား များ ထွက်ပြေးကြရ

နယ်ခြားစောင့်တပ်၊ လဝကနှင့် စစ်တပ်အရာရှိအနည်းဆုံး ၂ဦးပါဝင်သည့် လူပေါင်း ၃၄၀ သည် နယ်စပ်အား စွန့်ခွာက ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးလာခဲ့ကာဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်ခြားစောင့်တပ်များနှင့် ဒေသခံများထံသို့ အညံ့ခံခဲ့ကြရသည်။

မောင်တောမြောက်ပိုင်းရှိ စခန်းများကို စစ်ကောင်စီမှ ဆက်လက်သိမ်းပိုက်ထားနိုင်ခြင်းမရှိတော့ဘဲ ထိုသို့ရှုံးနိမ့်ကာ ထွက်ပြေးခဲ့ရခြင်းသည် ရက္ခိုင့်တပ်တော် (AA)မှ မရပ်မနား ထိုးစစ်ဆင်လာခဲ့ပြီး နောက် ဖေဖော်ဝါရီလ ပထမပတ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဒေသတွင်းရှိ မျက်မြင်သက်သေများ၏ ပြောကြားချက်များအရ ထွက်ပြေးကာ အညံ့ခံခဲ့ရသည့် စစ်သားများအား ပေးထားသည့် ရိက္ခာများနှင့် ဆက်သွယ်ရေးလိုင်းများဖြတ်တောက်ခံခဲ့ ရပြီးနောက် ၎င်းတို့အသက်များ မဆုံးရှုံးရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြခြင်းဖြစ်သည်။
ရိုဟင်ဂျာမွတ်စလင်များအား ဘင်္ဂလားဒေ့ရှ်ဘက်သို့ နှင်ထုတ်ခဲ့သည့် ထိုစစ်တပ်သည်ပင်လျှင် ယခုအခါတွင် ထိုလမ်းကြောင်းကိုပင် အသုံးပြုကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသက်မသေလို၍ ထွက်ပြေးကြရသည်မှာ သရော်ချင်ဖွယ်ရာ ဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့ပါသည်။ ပြိုးရယ်နေသည့် စစ်သားများသည် သူတို့ကျူးလွန်ခဲ့သည်လုပ်ရပ်များမှာ မလုပ်သင့်ခဲ့သော်လည်း သူတို့အနေဖြင့် အထက်အမိန့်များကိုသာ လိုက်နာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ သို့သော် ထိုသူတို့သည် ပြောဆိုဆက်ဆံရာတွင် အခက်အခဲများရှိသည်ဟုအကြောင်းပြကာ ဘင်္ဂလားဒေ့ရှ်အရာရှိများမှ ကင်မရာရှေ့တွင်မေးသော မေးခွန်းများအား ဖြေဆိုခြင်းမပြုဘဲ နေခဲ့ကြပါသည်။

ထိုစစ်သားများသည် ရေနှင့်အစားအစာအပြင် သူတို့အားအရက်သေစာများ တိုက်ဖို့ပါပြောခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များမှ ရေနှင့်အစားအစာများအား ပေးနိုင်သော်လည်း အရက်သေစာ တိုက်ခြင်းကို မပြုလုပ်နိုင်ကြောင်းပြောခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထိုစစ်သားများထွက်ပြေးကြရခြင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်ရှိ ဂွန်ဒန်နှင့် တိန်ဘရူ မှ ကြောက်ရွံ့နေကြသည့် ရွာသားများ ထွက်ပြေးရခြင်းတို့ ဖြစ်စေခဲ့သည် တိုက်ပွဲအတွင်းတွင် ဘင်္ဂလားဒေ့ရှ်အရပ်သား အနည်းဆုံး ၂ဦး သေဆုံးခဲ့ရသည်။ တဦးမှာ ဘင်္ဂလားဒေ့ရှ်လူမျိုးသက်ကြီးအဖွားအိုတဦးဖြစ်ပြီး အခြားတဦးမှာ ရိုဟင်ဂျာဒုက္ခသည် တဦးဖြစ်သည်။

ထိုသို့တပ်ပေါင်းစုံမှစစ်သားများ ထွက်ပြေးခဲ့ရသောကြောင့် မောင်တောမြောက်ပိုင်းစခန်းများတွင် နယ်ခြားစောင့်တပ်နှင့် လဝကများ စောင့်ကြပ်နိုင်ခြင်းမရှိတော့ဟု ယူဆနိုင်ပါသည်။

ထိုအချိန်တွင် မောင်တောတောင်ပိုင်းနယ်စပ်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

ဗမာစစ်သားများအား မြန်မာအာဏာပိုင်များသို့ လွှဲပြောင်းခဲ့ရာ မြန်မာအာဏာပိုင်များမှ သူတို့အား သင်္ဘောများဖြင့် ခေါ်ဆောင်သွားကြပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်သည် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်များမှ မြန်မာဘက်သို့ ပြန်လည်ပို့ဆောင်မည့်သင်္ဘောသို့ ပို့ဆောင်စဉ်တွင် ထိုစစ်သားတဦးချင်းစီနေရပ်ပြန်ပို့ရေးအတွက် လက်မှတ်ထိုးပေးခဲ့ပါသည်။

မြန်မာစစ်တပ်သည် အစဉ်အလာအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏စစ်တပ်ကို အထင်မြင်သေးခဲ့ရာ ထိုသို့ ဘင်္ဂလားဒေ့ရှ်ဘက်သို့ နယ်စပ်ဖြတ်ကျော်ကာ အညံ့ခံဝင်ရောက်ခဲ့ရခြင်းသည် စစ်ကောင်စီကို အရှက်ရစေမှာဖြစ်ပါသည်။ ထိုသည်မှာ မြန်မာစစ်သားများမှ အသက်မသေလို၍ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးခဲ့သည့် ပထမဆုံးအကြိမ်ဖြစ်သည်။

ထိုမတိုင်ခင်တွင် မြန်မာစစ်သားများသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့မှ နယ်စပ်ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။

# ဘူးသီးတောင်တွင် လူတရာကျော် ပြန်ပေးဆွဲခံရ၊ ကျောက်ဖြူစစ်ဘေးရှောင်စခန်းတွင်လည်း ထိုသို့ဖြစ်လာနိုင်ဖွယ် ကြောက်လန့်နေရ

ဒေသခံများ၏ ပြောကြားချက်အရ ဘူးသီးတောင်မြို့နယ်တွင် ရိုဟင်ဂျာ ၁၀၀ဦးကျော်အား စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ပြန်ပေးဆွဲခဲ့သည်။ ရန်သူပတ်လည်ဝိုင်းနေသည့်၊ ရှုံးနိမ့်မှုများရင်ဆိုင်နေရသည့် မြန်မာစစ်တပ်အား တိုက်ခိုက်နေကြသည့် ရက္ခိုင့်တပ်တော်နှင့် အခြားတော်လှန်ရေးအုပ်စုများအား တန်ပြန်တိုက်ခိုက်သည့် တိုက်ပွဲများတွင် မြန်မာစစ်တပ်မှ အတင်းအဓမ္မခေါ်ဆောင်သွားခြင်း ခံရသည့် ရိုဟင်ဂျာမွတ်စလင်များအား လူသားဒိုင်းများအဖြစ် အသုံးချမည်ကို စိုးရိမ်နေကြသည်။ ရိုဟင်ဂျာများသည် ရွာတရွာမှအခြားတရွာသို့သွားရာတွင် အခက်အခဲဖြစ်စေရန် ရွှေ့လျားသွားလာမှုများအား ကန့်သတ်ထားခြင်းများကိုလည်း နှစ်ရှည်ကြာမြင့်စွာခံခဲ့ရပါသည်။ သို့ရာတွင် ဒေသခံများသည် စစ်ကောင်စီမှ အဓမ္မခေါ်ဆောင်ခြင်းများကို ရှောင်ရှားရန်အတွက် ရက္ခိုင့်တပ်တော် (AA) ရယူထားသည့် နယ်မြေများသို့ ပြောင်းရွှေ့ခြင်းများ ရှိလာကြသည်။

ထိုမတိုင်မီတွင် စစ်ကောင်စီအုပ်စိုးမှုမရှိသည့်နေရာများတွင်ရှိသည့် ရိုဟင်ဂျာအုပ်စုများသည် ရက္ခိုင့်တပ်တော် (AA) ကိုတိုက်ခိုက်ရာတွင် ပါဝင်ရန် စစ်တပ်မှ ခေါ်ဆိုခဲ့ခြင်းကို တညီတညွတ်တည်း ငြင်းဆန်ခဲ့ပါသည်။ ရိုဟင်ဂျာအသိုင်းအဝိုင်းများမှ ခံစားနေရသည့် လက်ရှိဒုက္ခသည်အခြေအနေနှင့် လူမဆန်သည့် အခြေအနေများအတွက် ရခိုင်များကို စစ်ကောင်စီမှ အပြစ်တင်သော်လည်းလူများစုဖြစ်သည့် ရခိုင်များနှင့် တချိန်က အာရကန်တွင် လူဦးရေအတန်သင့်ရှိသော ရိုဟင်ဂျာများအကြား တင်းမာမှုများ၊ စည်းလုံးမှုပြိုကွဲနေခြင်းများကို ဆက်လက်ရှည်ကြာစေမသည့် မူဝါဒများကို မြန်မာစစ်တပ်မှ မှီခိုလာခဲ့သည်ကိုကောင်းကောင်းသိရှိနားလည်နေကြပြီဖြစ်သည်။

သို့သော သက်ကြီးပိုင်းလူတော်တော်များများသည် ထိုအုပ်စုနှစ်စုတို့အကြားရှိ တိုက်ပွဲများကြားတွင် ရိုဟင်ဂျာအသိုင်းအဝိုင်းသည် ကြားညှပ်ပိတ်ခံနေရသည်ဟု ဆိုပါသည်။ အထူးသဖြင့် စစ်ကောင်စီအုပ်ချုပ်သည့် နေရာများတွင် ရိုဟင်ဂျာတော်တော်များများသည် အာဏာပိုင်များ၊ tabbesဟုသိကြသည့် ရပ်ရွာတွင် တပ်နှင့်ပူးပေါင်းဆောင်ရွက်ကြသူများ ၏ တင်းတင်းကြပ်ကြပ် စောင့်ကြည့်ခြင်းကို ခံကြရသောကြောင့် သတင်းမှန်၊မမှန်စီစစ်စစ်ဆေးရန် ခက်ခဲပါသည်။

# အမြဲတမ်းဒုက္ခသည်ဘဝများမှ ကင်းလွတ်နိုင်စေရန်အတွက် ရိုဟင်ဂျာများမှာ မိမိတို့၏ မျက်လုံးများ၊ နားများနှင့် အသိတရားတို့ရှိဖို့လိုပါသည်။

ရိုဟင်ဂျာများ ရာပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည့် ၂၀၁၂ခုနှစ် အကြမ်းဖက်မှုမှစတင်၍ ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် ရိုဟင်ဂျာမွတ်စလင်များအကြား လူမျိုးရေးတင်းမာမှုများသည် ရခိုင်ပြည်နယ်တွင် ဆိုးဆိုးရွားရွားဖြစ်လာသည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပြည်နယ်မြို့တော်ဖြစ်သည့် အာခယပ် (စစ်တွေ)နှင့် မေယုမြစ်၏ အရှေ့ဘက်ခြမ်းရှိ မြို့နယ်များ အားလုံးတွင် ရိုဟင်ဂျာမွတ်စလင်များသည် နိုင်ငံတကာသတင်းမီဒီယာများမှ "ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးဖြစ်သည်"ဟု ဖော်ပြထားသည့် လူနေမှုအခြေအနေများရှိသည့်၊ လူများနှင့် အညစ်အကြေးစွန့်ပစ်ရာနေရာများဘေးချင်းကပ်ရှိနေကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ နေထိုင်ရာ စခန်းများတွင် နေထိုင်ကြရသည်။ ထိုစခန်းများ၏ ပြင်ပတွင် နေထိုင်သူများသည်လည်း ပိုမိုကောင်းမွန်သော နေထိုင်မှုအခြေအနေများမရှိကြပဲ စစ်တပ်မှ ကျောထောက်နောက်ခံပြုထားသည့် ရန်လိုကြမ်းတမ်းသော ဂိုဏ်းအုပ်စုများ ဝန်းရံနေသည့်နေရာများတွင် နေကြရသည်။

ထိုအခါတွင် မေယုမြစ်၏ အနောက်ဘက်တွင်မူထောင်ပေါင်းများစွာသော ရိုဟင်ဂျာများမှာ အသတ်ဖြတ်ခံရခြင်း၊ နေအိမ်များမှနှင်ထုတ်ရှင်းလင်းခံရ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးကြရခြင်းများ ကြုံတွေ့ကြရကာ ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရာစုနှစ်၏ ပထမဦးဆုံးသောလူမျိုးတုံးသတ်ဖြတ်မှုကို ဦးတည်ခဲ့ပါသည်။

ရက္ခိုင့်တပ်တော် (AA) သည် ထိုမြေတွင် လက်ဦးမှုလျှင်လျှင်မြန်မြန်ရရှိခဲ့ရာ ထိုပြည်နယ်တွင် ပြောင်းလဲမှုများပေါ်ပေါက်စေခဲ့သည်။ မြန်မာစစ်တပ်အား အပြီးတိုင်ရှင်းလင်းနိုင်ခြင်းမရှိသေးသော်လည်း အထူးသဖြင့် ရှမ်းပြည်နယ်ရှိ ထိုးစစ်တွင် ရှုံးနိမ့်ပြီးရာတွင် အာရကန်ပြည်နယ်တဝှမ်းတွင် မြန်မာစစ်တပ်သည် တိုက်ပွဲများတွင် အရေးနိမ့်ခြင်းများ ဆိုးဆိုးရွားရွားကြုံလာရသည်မှာသံသယဖြစ်ဖွယ်ရာ နည်းပါးပါသည်။

သို့သော်လည်း ယခုအခါတွင် ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များအနေဖြင့် မိမိတို့ အသိုင်းအဝိုင်းနှစ်ဖက်အကြား တင်းမာမှုများဖြစ်လာစေရန် မြန်မာစစ်တပ်မှ လိုလားတောင့်တနေခြင်းဖြစ်သည်ကို လူအများအား သိရှိနားလည်လက်ခံစေရန် ဆောင်ရွက်ရန်မှာ ခက်ခဲသော်ငြားအရေးတကြီးလိုအပ်နေသည့် လုပ်ငန်းဖြစ်သည်။ စစ်ကောင်စီအရာရှိများသည် မောင်တောမြို့နယ်ရှိ မွတ်စလင်ရပ်ရွာခေါင်းဆောင်များနှင့် တွေ့ဆုံခြင်းများ ပြုလုပ်ခဲ့သည်ကို သိရှိခဲ့ရပြီးဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်ကပင် ရိုဟင်ဂျာမွတ်စလင်ပေါင်း ထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့သည့် သူများမှပင် ရိုဟင်ဂျာမွတ်စလင် ညီအကိုများကို ၎င်းတို့အတူပူးပေါင်း၍ တိုက်ခိုက်ပေးရန် စည်းရုံးလာကြခြင်းဖြစ်သည်။

ထိုအချိန်တွင်ပင် ဒေါက်တာအေးမောင်ကဲ့သို့ ထင်ရှားသူများပါဝင်သည့် မွတ်စလင်ဆန့်ကျင့်သည့် ရခိုင်ရပ်ရွာခေါင်းဆောင်များအုပ်စုသည် အာရကန်ပြည်နယ်၏ အရှုပ်အထွေးကြားတွင် ကျင်လည်လာကြတော့သည်။

# သတင်းစာရှင်းလင်းခြင်း

# NSU မှ “မြန်မာပြည်၏ လက်ရှိအကြပ်အတည်းနှင့် အိမ်နီးချင်းဒေသများအပေါ် သက်ရောက်မှု” ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ ညီလာခံကို ကျင်းပ

:

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့၊ ဒါကာမြို့
တောင်အာရှ မူဝါဒနှင့် အုပ်ချုပ်ရေးဆိုင်ရာ အင်စတီကျူSouth Asian Institute of Policy and Governance (SIPG) အောက်ရှိ ငြိမ်းချမ်းရေးလေ့လာမှုစင်တာ Center for Peace Studies (CPS)မှ “မြန်မာပြည်၏ လက်ရှိအကြပ်အတည်းနှင့် အိမ်နီးချင်းဒေသများအပေါ် သက်ရောက်မှု” ခေါင်းစဉ်ဖြင့် အွန်လိုင်းမှသော်လည်းကောင်း၊ လူကိုယ်တိုင်တက်ရောက်၍သော်လည်းကောင်း တက်ရောက်နိုင်သည့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် ပြောကြားသူများမှာ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်နှင့် သမ္မတအကြံပေးဖြစ်သည့် ဦးကျော်ဇော၊ NSU ၏ လက်ထောက်ပရော်ဖက်ဆာဖြစ်သည့် Dr.  Raymond Kwun-Sun Lau၊ Universiti Sultan Zainal Abidin ရှိ ဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ Dr.Md. Mahbubul Haque၊ NSU ရှိတောင်အာရှ မူဝါဒနှင့် အုပ်ချုပ်ရေးဆိုင်ရာ အင်စတီကျူ South Asian Institute of Policy and Governance (SIPG) မှ Professor Shahidul Haque တို့ပါဝင်သည်။ တို့ဆွေးနွေးပွဲအား ငြိမ်းချမ်းရေးလေ့လာမှုစင်တာ Center for Peace Studies မှ Professor Sk. Tawfique M. Haque မှ ဦးဆောင်ဆွေးနွေးပေးပါသည်။ ငြိမ်းချမ်းရေးလေ့လာမှုစင်တာ Center for Peace Studies မှညှိနှိုင်းရေးမှူး Dr.Abdul Wohab မှ အဖွင့်အမှာစကားပြောကြားပါသည်။

ဦးကျော်ဇောမှ မိန့်ခွန်းပြောရာတွင် မြန်မာပြည်သားများသည် သမိုင်းတလျှောက် ယခုအချိန်တွင် စည်းလုံးမှုအရှိဆုံးဖြစ်ရာ လက်ရှိဖြစ်နေသည့် ရက်စက်သည့် စစ်အာဏာရှင်ကို ဆန့်ကျင်နေသည့် နွေဦးတော်လှန်ရေးသည် အောင်မြင်မည်ဟုဆိုခဲ့ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် ဘင်္ဂလားဒေ့ရှ်တွင် နေထိုင်နေကြသော ရိုဟင်ဂျာများအပါအဝင် လူမျိုးစုအားလုံးနဲ့ ပူးပေါင်းသွားမည်ဖြစ်ကာ ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေးကိုလည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောခဲ့သည်။

Dr. M Sakhawat Hussain မှ မြန်မာပြည်တွင်းဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ရိုဟင်ဂျာ အကြပ်အတည်းသည် ဆိုးရွာလာလျက်ရှိကာ ဒေသတွင်းလုံခြုံရေးခြောက်လှန့်မှု တစ်ရပ်အဖြစ် ပြောင်းလဲလာသည်ဟု ဆိုပါသည်။ ရိုဟင်ဂျာများနေရပ်ပြန်နိုင်ရေးလုပ်ငန်းစဉ်များ လျင်လျင်မြန်မြန် အကောင်အထည်ပေါ်စေရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း အဖွဲ့မျိုးစုံနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရမည်။ Dr. Raymond Kwun-Sun Lau မှ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်ဥရောပနိုင်ငံများ၏ ဒဏ်ခတ်ပိတ်ဆို့မှုများသည် စစ်အာဏာရှင်၏ လုပ်ရပ်များကို ပြောင်းလဲသွားစေနိုင်ခြင်းရှိမည်မဟုတ်ဟု ဆိုခဲ့ပါသည်။ ထိုအခါတွင် တရုတ်နိုင်ငံသည် ၎င်း၏ဒေသတွင်းအကျိုးစီးပွားများကို ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးရှိနိုင်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိရာ ထိုသည်မှာ မြန်မာအကြပ်တည်းကို ပို၍ပင် ရှုပ်ထွေးစေပါသည်။ Professor Shahidul Haque မှ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အာဆီယံနိုင်ငံများနှင့် ပထဝီမြေဆက်သွယ်မှုကို ပေးနိုင်သည့် တခုတည်းသောနိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံသည် အိန္ဒိယအတွက် ပို၍အရေးကြီးသော အိမ်နီးချင်းဖြစ်သည်ဟုဆိုပါသည်။ထို့ကြောင့် အိန္ဒိယအနေဖြင့် မြန်မာနှင့်ဆက်ဆံရေးကို ယခုထက်ပို၍ တိုးတက်လိုပါသည်။

Dr. Md. Mahbubul Haque မှလည်း မြန်မာ့အရေးနှင့်ပက်သက်လာလျင် အာဆီယံနိုင်ငံများအကြား ကွဲပြားမှုများ ကြီးကြီးမားမားရှိသည်ဟုဆိုသည်။ အာဆီယံသည် non-interference ဝင်မစွက်ဖက်ရေး မူဝါဒကို ကျင့်သုံးလျက်ရှိသည့်ဖြစ်သောကြောင့် ဖြစ်ဖြစ်မြောက်မြောက်လုပ်ရပ်များပေါ်ထွက်လာနိုင်ခြေနည်းပါးသည်ဟုဆိုပါသည်။ သို့သော်လည်း လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ အခြေခံသဘောတရားများကို ထိန်းသိမ်းရန်အတွက် မြန်မာပြည်တွင် ဒီမိုကရေစီပြန်လည်ဖော်ဆောင်နိုင်ရန် လုပ်ဆောင်ကောင်းလုပ်ဆောင်မည်ဖြစ်သည်။ Dr. Sk. Tawfique M. Haque မှ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဒေသတွင်းတွင် မည်သည့်အိမ်နီးချင်းနိုင်ငံမျှ မြန်မာနိုင်ငံအား ပထဝီနိုင်ငံရေး တိုက်ပွဲများ ဖြစ်ပွားနေသည့် နိုင်ငံအဖြစ် မြင်လိုခြင်းမရှိကြပါဟုဆိုသည်။ သူမှ ဒေသတွင်းနိုင်ငံများသည် ငြိမ်းချမ်းရေးရရှိစေရန် ဆောင်ရွက်ကြမည်ဟုဆိုပါသည်။ သတင်းမီဒီယာမှ အချိတ်အဆက်မိမိ မေးခဲ့သည့် မေးခွန်းများသည် ဆွေးနွေးပွဲကို ပိုပြီး အသက်ဝင်စေခဲ့သည်။ ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၊ သံရုံးများ၊ မီဒီယာအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများမှ တက်ရောက်သူများသည် အွန်လိုင်းမှသော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း တက်ရောက်ခဲ့ကြသည်။ NSUနှင့် SIPG တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကာ သိမြင်စရာမှတ်သားစရာ မေးခွန်းများနှင့် မှတ်ချက်များကို ပြောဆိုခဲ့ကြသည်။



*ARNA* သတင်းထုတ်ပြန်ချက်

# စည်းလုံးခြင်းဖြင့် ရပ်တည်ကြ၊ ပြိုကွဲပါက ကျရှုံးရ

## ၁၉ ဖေဖော်ဝါရီ ၂၀၂၄

မြန်မာစစ်တပ်သည် အာရကန်ပြည် မြောက်ပိုင်းရှိ ရိုဟင်ဂျာရွာတိုင်းတွင် ရပ်ရွာတိုက်ခိုက်ရေးတပ်ဖွဲ့များ ဖွဲ့စည်း၍ ရက္ခိုင့်တပ်တော် AAအား တိုက်ခိုက်ရန် ကြိုးပမ်းနေခြင်းသည် အလွန်စိုးရိမ်ဖွယ်ရာ ကောင်းပါသည်။
မကြာသေးမီတွင် စစ်တပ်၏ အရပ်ဖက်နှင့်စစ်ဖက် အရာရှိများသည် မောင်တောရှိ ရိုဟင်ဂျာရပ်မိရပ်ဖများ၊ မော်လဝီဆရာများကို တွေ့ဆုံခဲ့ကာ ရိုဟင်ဂျာရွာတရွာချင်းစီမှ လူငယ် ၁၀ယောက်စီကို လူစုပေးရန် ပြောခဲ့သည်။ တပ်သားသစ်များအား ရက္ခိုင့်တပ်တော်ကိုတိုက်ခိုက်ရန် မြန်မာစစ်တပ်မှ သင်တန်းပေးကာ လက်နက်တပ်ဆင်ပေးမည်ဖြစ်သည်။ ထိုသည်မှာ လူမျိုးစုနှင့် ဘာသာရေးပေါ်အခြေခံ၍ ရိုဟင်ဂျာနှင့် ရခိုင်အသိုင်းအဝိုင်းကို ပိုမိုခြားနားပြိုကွဲစေဖို့အတွက် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်သူများ၏ ကောက်ကျစ်သော အစီအစဉ်ဖြစ်သည်။

ယနေ့ခေတ်တွင် မြန်မာနိုင်ငံရှိပြည်သူအားလုံးသည် စစ်အုပ်ချုပ်ရေးနှင့် ခေါင်းပုံဖြတ်မှုများကို “ လုံးလုံးလျားလျားနှင့် ခါးခါးသီးသီးရွံရှာ”နေကြပြီဖြစ်ကာ နိုင်ငံတဝှမ်းတွင် လက်နက်ကိုင်တော်လှန်ရေးများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လာကြသည်။

အာရကန်ရိုဟင်ဂျာအမျိုးသားမဟာမိတ်အဖွဲ့ ARNA သည် နိုင်ငံတဝှမ်းတွင် မြန်မာစစ်တပ်မှ အတင်းအဓမ္မတပ်သားစုဆောင်းနေခြင်းများအား ပြင်းပြင်းထန်ထန်ကန့်ကွက်ပါသည်။ ထိုသည်မှာ မိမိဆန္ဒအလျောက်မဟုတ်သည့် စစ်မှုထမ်းတာဝန်ထမ်းဆောင်စေခြင်းဖြစ်ကာ သေရာပါဒဏ်ရာရခြင်း နှင့် အသက်ဆုံးရှုံးရခြင်းစသည့် ရလာဒ်များရစေသည့် ရက်စက်သည့် ကျွန်ပြုခြင်းတမျိုးဖြစ်သည်။

ကုလသမဂ္ဂမှ ရိုဟင်ဂျာများသည် ဖိနှိပ်ညှင်းပန်းမှုအခံရဆုံးသော လူများဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ရိုဟင်ဂျာလူဦးရေများသည် အနာဂတ်မျှော်လင့်ချက်မရှိပဲ တခြားသူများ၏ မြေတွင် သူတောင်းစားများ၊ ဒုက္ခသည်များအဖြစ်နေထိုင်ကြရသည်။ ယနေ့ခေတ်တွင် ဘင်္ဂလားဒေ့ရှ်သည် ရိုဟင်ဂျာ လူဦးရေ ၁.၂သန်းကျော် နေထိုင်ရာနေရာဖြစ်သည်။ အာရကန်တွင် ကျန်ရစ်ခဲ့သည့် ရိုဟင်ဂျာလူဦးရေသည်လည်း ပိတ်ဆို့ထားသည့် ရွာများ၊ ရပ်ကွက်များ၊အာဖရိကမှ လူမျိုးအလိုက် နိုင်ငံရေး၊ လူမှုရေး၊ အခွင့်အလမ်းများ တခြားစီခွဲခြားထားသော စနစ် (apartheid) ကဲ့သို့သော ခွဲခြားမှုကို ကျင့်သုံးသည့် စခန်းများတွင် လူတဦး၏ နေထိုင်မှုပုံစံကို မခံစားရပဲ နေထိုင်ကြရသည်။ စစ်အာဏာရှင်မှ ရိုဟင်ဂျာတို့ပိုင်ဆိုင်မှုများအားလုံးကို လုယူသွားကြပြီး လူတဦးအဖြစ်မရပ်တည်နိုင်စေရန် ဖျက်စီးကြသည်။

ရိုဟင်ဂျာများသည် ၂၁ရာစု၏ အဆိုးရွားဆုံးသော လူမျိုးတုံးသတ်ဖြတ်မှုများမှ ကျူးလွန်ခံရသူများ ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ၂၀၁၂ မတိုင်မီနှင့် ၂၀၁၂-၂၀၁၇အတွင်းတွင် စစ်တပ်၊ ၎င်း၏ မဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်သူများမှ ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများစသည့် အစုလိုက်အပြုံလိုက်အား ရက်စက်သည့် ရာဇဝတ်မှုများကို မေ့နိုင်မည်မဟုတ်သလို မေ့လည်းမေ့မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့် အစီအစဉ်များအားမည်သည့်အခါမျှ အားပေးထောက်ခံမည်မဟုတ်ကာ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုဖြစ်သည်အထိ လူမျိုးတုံးသတ်ဖြတ်မှုများကို ကျူးလွန်သည့် မြန်မာစစ်တပ်ကို တော်လှန်သွားမည်ဖြစ်ပါသည်။

ရိုဟင်ဂျာနှင့်ရခိုင်တို့သည် သမိုင်းကြောင်းအရ ခွဲခြားလို့မရနိုင်ပါ။ အတိတ်တွင်လည်း ရိုဟင်ဂျာနှင့် ရခိုင်တို့သည် ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြသည်။ စစ်တပ်မှ ဟောပြောသည့် မတူကွဲပြားခြင်းများနှင့် ကွဲပြားခြားနားသည့် အကျိုးစီးပွားများရှိသည်ဆိုသော်လည်း အတူယှဉ်တွဲနေထိုင်ခဲ့ပါသည်။ “ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း” ဟူသည့် သဘောတရားကို ကိုင်ဆောင်ကာ ကွာခြားခြင်းများကို မြှုပ်နှံ၍ ကမ္ဘာမြေအဆုံးအထိ သဟဇာတရှိစွာ နေထိုင်သွားရပါမည်။

ယခုအချိန်သည် အရေးကြီးသည့်အချိန်ဖြစ်သည်။ အာရကန်လူများအားလုံးကို ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းလိုသည်မှာ အတိတ်မှ သင်ခန်းစာများ ယူကာ အတူတကွစည်းစည်းလုံးလုံး လုပ်ဆောင်ကြရန်ဖြစ်သည်။ အာရကန်သည် ကျွန်ုပ်တို့ ပိုင်ဆိုင်ရာမြေဖြစ်ပြီး မြန်မာနိုင်ငံသည် ကျွန်ုပ်တို့အားလုံးအတွက်ဖြစ်သည်။
Media contact: secretariat@thearna.org




အစ္စလာမ်ဘာသာဝင်များ၏ ဥပုသ်လ်လ စသည်နှင့် ကျွန်ုပ်သည် ကမ္ဘာတဝှမ်းတွင်ရှိသောရိုဟင်ဂျာ အသိုင်းအဝိုင်းများ၊ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသော၊ နေရပ်စွန့်ခွာနေရသည့် ရိုဟင်ဂျာများနှင့် မြန်မာပြည်တွင်းမှာရှိသည့် အစ္စလာမ်ဘာသာဝင်များနှင့် အနယ်နယ်အရပ်ရပ်တွင် အစ္စလာမ်ဘာသာဝင်များအတွက် ဆုတောင်းလိုက်ရပါသည်။

ဤ**Ramadan**လသည် သင်တို့အတွက် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းနှင့် ခွန်အားရှိခြင်းတို့ သယ်ဆောင်လာကာသင်တို့ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ကြပါစေ။ ဤအချိန်ကို အသုံးချ၍ စည်းလုံးညီညွတ်မှုနှင့် မေတ္တာတရားတွင် ပေါင်းစုကြကာ ပြန်လည်သုံးသပ်ခြင်းနှင့် တောင်းဆုပြုခြင်းတို့ ပြုကြရအောင်။
ကျွန်ုပ်တို့၏ ဥပုသ်လ်သီလစောင့်ထိန်းခြင်းများအားလက်ခံခြင်းခံရခြင်း ဆုတောင်းများလည်း ပြည့်ပါစေ။ ကမ္ဘာတဝှမ်းတွင် ဖိနှိပ်ခံရသည့် အသိုင်းအဝိုင်းတို့အတွက် တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ဂုဏ်သိက္ခာတို့အတွက် မမေ့မလျော့ဘဲ ဆုတောင်းမှုပြုကြမယ်။

ဤကြီးမြတ်သောလမှစ၍ ဝိညာဉ်ဖွံ့ဖြိုးမှုနှင့် ဉာဏ်ကွန့်မြူးမှုတို့သို့ ဦးတည်နိုင်ပါစေ။
ရာမဒန် မူဘာရတ်

Nurul Islam
ARNO နှင့် ARNA၏ ဥက္ကဋ္ဌ

*ARNO* သတင်းထုတ်ပြန်ချက်များ

# မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော် AAတို့ အကြားတိုက်ပွဲများဖြစ်ပွားရာ အာရက၁န် ပြည်နယ်ရှိ အကြမ်းဖက်မှုများကို ARNO ရှုံ့ချ

**ဖေဖော်ဝါရီ ၄ရက် ၂၀၂၄ ခုနှစ်**

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်းတွင် အာရကန်(ရခိုင်)ပြည်နယ်တွင် မြန်မာစစ်တပ်နှင့် AAတို့အကြား တိုက်ပွဲများ အရှိန်မြင့်တက်လျက်ရှိပါသည်။ ဇန်နဝါရီ ၂၈ရက်နေ့တွင် မောင်တော မြောက်ပိုင်းတွင်နေထိုင်ကြသူများမှ ကျယ်လောင်သည့် ပေါက်ကွဲသံကို ကြားခဲ့ရကာ အိမ်ခြေပေါင်း ၂၀ မီးလောင်ခဲ့သည်ဟု တင်ပြလာပါသည်။ ဆက်လက်၍ အင်တာနက်နှင့် တယ်လီဖုန်းလိုင်းများလည်း ပြတ်တောက်ခဲ့ပါသည်။

နိုဝင်ဘာ ၁၃ရက်နေ့ ၂၀၂၃ ခုနှစ်နှင့် ဇန်နဝါရီ ၂၇ ရက်နေ့ ၂၀၂၄ ခုနှစ်တွင် မြန်မာစစ်တပ်နှင့် AAတို့အကြား စစ်မက်ပဋိပက္ခများ မြင့်တက်လာသည်ဖြစ်ရာ ပြည်သူ ၈၀ ဦးကျော် သတ်ဖြတ်ခံခဲ့ရကာ ၁၀၀ ကျော်သည်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ယခုအခါတွင် တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် နေထိုင်သူများအား တုန်လှုပ်ကြောက်လန့်စေပါသည်။ တိုက်ပွဲများပြင်းထန်လာသည်နှင့်အမျှ ဘင်္ဂလားဒေ့ရှ်ပိုင်နယ်မြေဖြစ်သည့် ဂွန်ဒန်နယ်စပ်အနီး ဘာဒါဘန်၏ နိုင်ခုန်ချာရီ ဥပဇာလတွင် မြန်မာစစ်တပ်၏ လက်နက်ကြီးများ ကျရောက်သည်ဟု တင်ပြခြင်းများရှိလာပါသည်။ ထိုအကြမ်းဖက်မှုကြောင့် ထိုဒေသတွင် နေထိုင်သူများသည် နေအိမ်များမှ စွန့်ခွာထွက်ပြေးရခြင်းများ ရှိလာပါသည်။

အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (ARNO) မှ ကုလသမဂ္ဂ မြန်မာစစ်တပ်မှ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို လိုက်နာကာ အလုံးစုံ အပစ်ခတ်ရပ်စဲရန်အတွက် လုံခြုံရေးကောင်စီမှ တောင်းဆိုစေလိုပါသည်။ ထို့အပြင် အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် မှ ရိုဟင်ဂျာများအား နေရပ်စွန့်ခွာစေခြင်း၊ သတ်ဖြတ်ခြင်းတို့ ဖြစ်စေသည့် တိုက်ပွဲများအကြောင်း အိုင်စီဂျေတွင်မှတ်ချက်ပြုရန် ဂမ်ဘီယာမှ အသနားခံတောင်းဆိုပေးရန် တိုက်တွန်းလိုပါသည်။ ထိုသည်မှာ ထိုနယ်မြေတွင် ဆယ်စုနှစ်ပေါင်းများစွာရှိနေသည့် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ မူဝါဒများဆက်လက်တည်ရှိနေခြင်းကို ဖော်ပြသည်။ ထိုလုပ်ရပ်များသည် ဇန်နဝါရီလ ၂၀၂၀ခုနှစ်တွင် ချမှတ်ခဲ့သည် ပဏာမအမိန့်ကို ချိုးဖောက်ခြင်းဖြစ်ကာ အိုင်စီဂျေမှ မြန်မာနိုင်ငံအနေဖြင့် ထိုအမိန့်အားလိုက်နာရန် တောင်းဆိုရမည်။

ပို၍သိရှိလိုပါက
Dr. Mohammad Habib Ullah
Email: arno@rohingya.org/ info@rohingya.org ကိုဆက်သွယ်နိုင်ပါသည်။



# ARNO အကြောင်း

အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (ARNO) သည် ၁၉၉၈ ခုနှစ်တွင် 'ရိုဟင်ဂျာစည်းလုံးမှု"ကို မြှင့်တင်ရန် သန္နိဋ္ဌာန်ဖြင့်လည်းကောင်း၊ ရိုဟင်ဂျာများ၏ မျှော်လင့်ချက်များနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်းကောင်း ရိုဟင်ဂျာများအရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

**www.rohingya.org**


ပို၍သိရှိလိုပါက
Dr. Mohammad Habib Ullah
Email: arno@rohingya.org/
info@rohingya.org မှတဆင့် ဆက်သွယ်နိုင်ပါသည်။